# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**လောကကို မဂ်ဂျာကဲ့ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့　　အတွဲ (၆၃)၊ အမှတ်(၀၅၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်သည်။

**လာရောက်ကြည့်ရှု**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း

*စာမျက်နှာ ၃ ကော်လံ ၁*

**မီးပုံးပျံ လွှတ်တင်ခြင်းများကို ကြည့်ရှုအားပေး**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက် လာကြသူများ မီးပုံးပျံ လွှတ်တင်ခြင်းများကို ကြည့်ရှုအားပေးစဉ်။



# စိုက်ပျိုးမွေးမြူရေးအကျိုးပြု သဘာဝမြေသြဇာစက်ရုံများ တည်ထောင်

လယ်ယာကဏ္ဍသီးနှံများ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့အတွက် မြေ၊ ရေနှင့် လုပ်အား အရင်းအမြစ်များအပြင် လယ်ယာသွင်းအားစုများအနက်မှ တစ်ခု ဖြစ်သည့် မြေသြဇာကို လိုအပ်သည့်ပမာဏ၊ လိုအပ်သည့်အချိန် အတိုင်း အသုံးပြုနိုင်ရေးသည်လည်း အရေးကြီးသည်။ မိမိတို့နိုင်ငံ တွင် စိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာကို လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်စွမ်းမရှိခြင်းကြောင့် ပြည်ပမှ တင်သွင်းနေရသည်။ ကမ္ဘာ့နိုင်ငံများတွင် ဓာတ်မြေသြဇာဈေးနှုန်း များ မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးတောင်သူများအနေဖြင့် အရည်အသွေးပြည့်ဝသော မြေသြဇာများ ရရှိသုံးစွဲနိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမသွားစေရေးတို့အတွက် ကြိုးပမ်းရုန်းကန်နေကြရကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး မြေသြဇာအသုံးပြုမှုကို လေ့လာပါက စပါးသီးနှံစိုက်ပျိုးရာတွင် ပမာဏအများဆုံးသုံးစွဲကြသည်ဟု သိရသည်။ အခြားသီးနှံများ ဖြစ်သည့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ အစေ့ထုတ်ပြောင်း၊ ဝါ၊ ကြံ၊ ဂုန်လျှော်ကဲ့သို့သော စက်မှုသီးနှံများ၊ မီးဖိုချောင်သုံး သီးနှံများ နှင့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင်လည်း သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍ ဓာတ်မြေသြဇာသုံးစွဲမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မား လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများ၏ သုံးစွဲမှုနှင့်နှိုင်းယှဉ်ပါ က ပမာဏများစွာကွာခြားနိမ့်ကျနေသေးသည်ကို တွေ့ရှိရ ကြောင်းနှင့် အဓိကအကြောင်းရင်းမှာ ဓာတ်မြေသြဇာဈေးနှုန်းများ မှာ အိမ်နီးချင်းနိုင်ငံများထက် ဈေးနှုန်းအမြင့်မားဆုံးဖြစ်နေခြင်း ကြောင့်ဟူ၍ သိရှိရသည်။ စပါးစိုက်ပျိုးရာတွင် ပန်းတိုင်အထွက် နှုန်းတစ်ဧကလျှင် စပါးတင်း ၁၀၀ ထွက်ရှိနိုင်ရန်အတွက် တစ်ဧက လျှင် ယူရီးယား၊ တီစူပါ၊ ပိုတက်ရှ် သို့မဟုတ် ကွန်ပေါင်းဓာတ်မြေ သြဇာသုံးအိတ်သုံးစွဲရန် လိုအပ်ပြီး မိုးစပါး၊ နွေစပါးစိုက်ဧက စုစု ပေါင်း ၁၈ သန်းအတွက် ဓာတ်မြေသြဇာတန်ချိန် ၂ ဒသမ ၇ သန်း ခန့် နှစ်စဉ်လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားသီးနှံများအားလုံး အတွက် ဓာတ်မြေသြဇာတန်ချိန် သုံးသန်း နှစ်စဉ်လိုအပ်ရာ စုစုပေါင်းဓာတ်မြေသြဇာတန်ချိန် ၅ ဒသမ ၇ သန်းခန့် နှစ်စဉ် လိုအပ်ကြောင်း ခန့်မှန်းတွက်ချက်မှုများအရ သိရှိရသည်။

တောင်သူများ စိုက်ပျိုးရေးအတွက် လိုအပ်သည့်မြေသြဇာ များ ဖြည့်ဆည်းပေးရာတွင် မြေဆီလွှာကျန်းမာရေးကို ရေရှည် ကောင်းမွန်တိုးတက်စေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေသော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန်တို့အတွက် ဓာတ်မြေ သြဇာနှင့် သဘာဝမြေသြဇာများကို အချိုးကျပေါင်းစပ်သုံးစွဲရေး၊ သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲရေး၊ နေရာဒေသနှင့် သီးနှံပုံစံကို လိုက်၍ ဘက်စုံအပင်အာဟာရ စီမံခန့်ခွဲခြင်းနည်းလမ်းများ တောင်သူ့လက်ဝယ်ရောက်ရှိရေး စသည့်နည်းပညာပေးလုပ်ငန်း များကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းရှင်များ ကိုလည်း သဘာဝမြေသြဇာစက်ရုံများ ထူထောင်လုပ်ကိုင်လာ ကြစေရန် အားပေးလျက်ရှိသည်။

သဘာဝမြေသြဇာထုတ်လုပ်ရာတွင် တိရစ္ဆာန်စွန့်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ၊ ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်၊ သစ်စက် စသည့်စက်ရုံဘေးထွက်ပစ္စည်းများဖြစ်သော မြေပဲ၊ နှမ်း၊ ဝါ၊ တမာကြိတ်ဖတ်များ၊ စပါးခွံ၊ မြေပဲခွံ၊ စက်ဖွဲပြာ၊ လွှစာမှုန့်စသည်များ၊ အပင်များ၊ အပင်အကြွင်းအကျန်များ၊ ဇက် တီးရီးယား၊ ထရိုင်ကိုဒါးမား၊ အီးအမ်အစရှိသည့် အဏုဇီဝများကို ကုန်ကြမ်းအဖြစ် အသုံးပြုခြင်းဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် သဘာဝမြေသြဇာထုတ်လုပ်မှုလုပ်ငန်းများမှာ အပြန်အလှန်အကျိုးပြုလျက်ရှိသည်။ ဒေသအလိုက် ရရှိနိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ကြမ်းများကို လေလွင့်ဆုံးရှုံးမှုမဖြစ် စေဘဲ သဘာဝမြေသြဇာများ ထုတ်လုပ်သုံးစွဲခြင်းဖြင့် နိုင်ငံခြားမှ ဝယ်ယူသုံးစွဲရမှုကို လျှော့ချနိုင်သည့်အပြင် ဓာတ်မြေသြဇာများ အလွန်အကျွံသုံးစွဲမှုကြောင့် ဖြစ်ပေါ်နိုင်သည့် မြေဆီလွှာပြဿနာ များကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။

သဘာဝမြေသြဇာကို တောင်သူတစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ နှင့် စုပေါင်း၍ဖြစ်စေ ထုတ်လုပ်နိုင်သကဲ့သို့ စက်ရုံများတည်ထောင် ထုတ်လုပ်၍လည်း စီးပွားဖြစ်လုပ်ကိုင်နိုင်သည်ဖြစ်ရာ နိုင်ငံခြား သွင်းကုန်အစားထိုးနိုင်ရေး၊ စိုက်ပျိုးမွေးမြူလုပ်ငန်းများတွင် အပြန်အလှန်အကျိုးပြု၍ တောင်သူများ၏ လူမှုစီးပွားမြင့်မား ရေးတို့အတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါကြောင်း။ ။



# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ငြိမ်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အထွေထွေညီလာခံ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ ထွက်ခွာ



နေပြည်တော် နိုဝင်ဘာ ၂၅

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့ Sofitel Philippine Plaza Manila ဟိုတယ်၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၅) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၂) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ငြိမ်း) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့သို့ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ပြင်ပ)မှ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန အရေးပေါ်ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ ရှေးဦးအသက်ကယ်ပြုစုခြင်းသင်တန်း (First Responder Course) ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရှေးဦး အသက်ကယ်ပြုစုခြင်းသင်တန်း (First Responder Course) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က နေပြည်တော် ပြည်သူ့ဆေးရုံ ဇမ္ဗူသီရိမြို့ ဆေးရုံဝင်းအတွင်းရှိ အရေးပေါ်အသက်ကယ်သင်တန်းဌာန၌ ကျင်းပသည်။



သင်တန်းသို့ ရန်ကုန်-မန္တလေး အမြန်လမ်း တစ်လျှောက်ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ လူနာတင်ယာဉ်စခန်း ၁၀ ခုမှ လူနာတင်ယာဉ်ဖြင့် လိုက်ပါသည့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အရေးပေါ် ကုသမှုဆေးပညာဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ ဦးဆောင်၍ အရေးပေါ်ကုသမှု ဆေးပညာရပ်ဆိုင်ရာ အထူးကု ဆရာဝန်များ၊ သူနာပြုများက သင်ကြားပို့ချပေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်အတွင်း ဆရာဝန်၊ သူနာပြုများအတွက် အရေးပေါ်ကုသမှုဆိုင်ရာ သင်တန်းနှစ်ကြိမ်နှင့် အထောက်အကူပြုဝန်ထမ်းများအတွက် သင်တန်းတစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါဒေသမှ ယာယီတိုက်ပွဲရှောင်နေရပ်စွန့်ခွာသူများအား အခြေခံစားကုန်နှင့် ငွေများလှူဒါန်း

သီပေါ နိုဝင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသကျေးရွာများမှ ယာယီတိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ခိုလှုံလျက်ရှိရာ စေတနာရှင်များက လူသားချင်း စာနာထောက်ထားကာ ဆန်နှင့် အခြေခံစားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များ၊ အလှူငွေများကို ယနေ့နံနက်က ဆက်လက်ကူညီ ထောက်ပံ့ပေးသည်။



ယာယီတိုက်ပွဲရှောင်ပြည်သူများအား နယ်စည်းမခြား ပရဟိတအဖွဲ့၊ နန်းမွမ်းမွမ်းပေါင်းနှင့်အဖွဲ့၊ ရှမ်းတိုင်းရင်းသားလူငယ်များ၊ သီပေါအမျိုးသမီးကွန်ရက်နှင့် တစ်ဦးချင်းအလှူရှင်များက ပေါ်ကြို၊ နမ့်ဟူးနွဲ့၊ နောက်ကပ်၊ မဟာမြတ်မုနိဘုရားကြီး၊ ကုန်းတော်ကျောင်းတိုက်၊ ခန္တီရာမ၊ သာသနာ ၂၅၀၀ တိုက်သစ်၊ ကျောင်းစုဘုန်းတော်ကြီးကျောင်းရှိ ယာယီတိုက်ပွဲရှောင်ခိုလှုံရေးစခန်းများသို့ ဆန်အိတ်များ၊ ဟင်းသီးဟင်းရွက်များနှင့် အလှူငွေများ ကူညီထောက်ပံ့ပေးသည်။

ထို့ပြင် သာသနာ ၂၅၀၀ တိုက်သစ်ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကောသလ အရှင်သူမြတ်ထံသို့ ဆွမ်းဆန်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်**

နေပြည်တော် နိုဝင်ဘာ ၂၅ – နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။**မိုး/ဇလ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

❒ *ရှေ့ဖုံးမှ*

စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

**ကြိုဆို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက မီးကြာခွက်များ ကိုင်ဆောင်၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက ဦးရွှေရိုး ဒေါ်မိုးအက၊ အိုးစည်ဒိုးပတ်များ တီးမှုတ်၍လည်းကောင်း ကြိုဆိုကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မီးပုံးပျံလွှတ်တင်ခြင်းများကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မီးပုံးပျံလွှတ်တင်ခြင်းများကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*
မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ် အလုံး ၄၅၀ ကို တစ်ပြိုင်တည်း လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများနှင့် အာရောဂျံ စိန်နားပန် မီးပုံးပျံ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

**မီးပုံးပျံလွှတ်တင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စွမ်းအားရှင်(၁) ညမီးကြီး မီးပုံးပျံလွှတ်တင်မှု၊ သစ္စာမဏ္ဍိုင် စိန်နားပန်မီးပုံးပျံလွှတ်တင်မှု၊ အားမာန်သစ်ညမီးကြီးမီးပုံးပျံလွှတ်တင်မှု၊ အောင်မြင်ခြင်း မိုးကောင်းကင် စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ဆင်နှစ်ကောင် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်၍ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၃၆၀၀ကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

**ခင်မင်ရင်းနှီးစွာဖြင့်နှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရင်ပြင်တော်ကြီးနှင့် ကျောက်စာရုံ စေတီတော်များအတွင်း လှည့်လည်ဖူးမြော်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

**လာရောက်ဖူးမြော်နိုင်**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည် ဖြစ်သဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ထုတ်ကုန်စက်ပစ္စည်းများနည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ၂၀၂၃ ခုနှစ် ထုတ်ကုန် စက်ပစ္စည်းများနည်းပညာပြပွဲ၊ စက်မှုထုတ်ကုန်ပစ္စည်းများပြပွဲနှင့် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အခမ်းအနားကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် စက်မှုဇုန်များမှ ဇုန်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

ဆက်လက်၍ ယခင်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်တွင် ရွှေတိဂုံစေတီတော်အား အလှပန်းခင်းများဖြင့် ပူဇော်ထားရှိသည့် ပန်းပြပွဲတွင် ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီး စည်ပင်(ပြင်ပ) မြို့နယ်များကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုငွေများချီးမြှင့်သည်။

ထို့နောက် ဘင်ခရာအဖွဲ့များနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဂုဏ်ပြုငွေများ ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



အဆိုပါ ပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ လုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စား၊အလတ်စား MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်အရောင်းပြခန်းများ၊ ဆန်၊ ဆီအရောင်းဆိုင်များ၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ လာရောက်ရောင်းချသော ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့် ပြသရောင်းချသွားမည်ဖြစ်သည်။

ပွဲတော်ရက်များအတွင်း နေ့စဉ် E-Sport Game ပြိုင်ပွဲများ၊ စတုဒိသာ ကျွေးမွေးခြင်းများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ Circus၊ မျက်လှည့်၊ Dancer များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မီးရှူး မီးပန်းပစ်ဖောက်မည့် အစီအစဉ်များကို ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ပြီး ပွဲတော်လာပြည်သူများ သွားရေးလာရေး လွယ်ကူစေရန် အကြို/အပို့ ကားများ စီစဉ်ထားရှိပေးထားကြောင်းနှင့် ပွဲတော်အား နိုဝင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသား / အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အမျိုးသား/ အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမျိုးသားရေကူးကန်ရှိ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား/အမျိုးသမီးသက်တန်းအလိုက် မီတာ ၂၀၀ တစ်ဦးချင်းလေးမျိုးကူး၊ အလွတ်ကူးပြိုင်ပွဲများ၊ မီတာ ၁၀၀ အလွတ်ကူး၊ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူးပြိုင်ပွဲများ၊ မီတာ ၅၀ ရင်ပေါင်တန်းကူး၊ လိပ်ပြာကူး၊ ပက်လက်ကူးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းအမျိုးသား အမျိုးသမီး သက်တန်းအလိုက် ရေကူးပြိုင်ပွဲများကို နိုဝင်ဘာ ၂၆ ရက်တွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်၌ မွန်းလွဲ ၂နာရီတွင် ပွဲစဉ်ပေါင်း ၅၁ ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသား ၆၂ ဦး၊ အမျိုးသမီး ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မည်သူမဆိုအခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အာကာစိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်အပေါင်းတို့က ပေါက်မြိုင်ဆရာတော်ကြီးထံမှ ရေစက်သွန်းချတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။

# မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယ ကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မာရဝိဇယကျောင်းတော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသည့် ဆရာတော်ကြီးများနှင့် မာရဝိဇယ ကျောင်းတော်တွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးနှင့်ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ မာရဝိဇယ ကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်အလှူခံ မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပေါက်မြိုင်ဆရာတော်ကြီး ထံမှငါးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကိုနာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပေါက်မြိုင်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံ မာရဝိဇယကျောင်းတော် ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ် အပေါင်းတို့သည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြားသည်။

ဆက်လက်၍ မာရဝိဇယ ကျောင်းထိုင် ဆရာတော်ကြီးထံမှ ရေစက်သွန်းချတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကထိန်ခံ မာရဝိဇယ ကျောင်းတော်ကြီးသို့ လှူဒါန်းရန်ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်စတင်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲ



**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ ညနေပိုင်းမှစတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့်သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်



ယာဉ်ငယ်များဖြင့်စနစ်တကျပို့ဆောင်ပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့်ဘုရားဖူးလာ ရဟန်း ရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူ ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီး ၉၀၀၀ ကပ်လှူ ပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွမ်းလျက်ရှိသည်။

ထို့ပြင် ဘုရားကြီးဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့်လည်း နေပြည်တော်တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋ္ဌိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများက ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက် သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များကလည်း တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေကြရာ လာရောက်အားပေး နားဆင်ကြသည့် တေးချစ်သူများဖြင့်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်စွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေး တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက် ညပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင် ကိုးစင်ဖြင့် မသိုးရွှေကြာသင်္ကန်းစတင်ရက်လုပ်ပြီး နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ ကုသိုလ်ယူပါဝင်နိုင်ကြောင်းလည်း သိရသည်။

**မျိုးဆက်သစ်၊ ဓာတ်ပုံ– ထိန်အေး**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တွင် ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်း ပွဲတော်သို့ ကုသိုလ်ပြုပါဝင်ဆင်နွှဲကြသူများ၏ ဝမ်းသာပီတိစကားသံများ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် ယနေ့ ညနေပိုင်းမှ စတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ နာမည်ကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်၍လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း စသည့်အစီအစဉ်ကောင်းများဖြင့် ကျင်းပပေးလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများ၏ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသား ဝေမျှလိုက်ရပါသည်။

**ဒေါ်သီတာလွင်(ဝတ်ရွတ်အသင်း)**

ကျွန်မတို့ဝတ်ရွတ်အသင်းက မာရဝိဇယဘုရားကြီး ရင်ပြင်တော်မှာ သြကာသကန်တော့ချိုးနဲ့ ပထမဆုံး ကန်တော့မှာ ဖြစ်ပါတယ်။ ပြီးရင် ငါးပါးသီလဆောက်တည်မှာ ဖြစ်ပါတယ်။ ၂၄ ပစ္စည်းပဋ္ဌာန်း ၉ခေါက်၊ မေတ္တာသုတ်၊ ရတနသုတ်၊ မေတ္တာပို့၊ နတ်ပို့၊ အမျှပေးဝေတို့ကို ရွတ်ဖတ်ပူဇော်သွားမှာ ဖြစ်ပါတယ်။ နေ့ထူးနေ့မြတ် အခါသမယမှာ ဘုရားကြီးရင်ပြင်မှာ အသံဒါနပြုရွတ်ဖတ်ပူဇော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်အခါတွေလည်း အခုလိုမျိုး ရွတ်ဖတ်ပူဇော်ဖို့ ဖိတ်ကြားမယ်ဆိုရင် အမြဲတမ်းရွတ်ဖတ်သွားမှာ ဖြစ်ပါတယ်။ အခုလိုမျိုး ရွတ်ဖတ်ပူဇော်ရတဲ့အကျိုးအတွက် ကိုယ့်မိသားစုတင်မဟုတ်ဘဲ မြန်မာနိုင်ငံမှာရှိတဲ့ ခုနစ်ရက်သားသမီးအားလုံး ဘေးဘယာကင်းဝေးစေဖို့အတွက် အားလုံးက ရွတ်ဖတ်ပူဇော်တဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်မက ရွတ်ဖတ်ပူဇော်တဲ့ အစီအစဉ်အပြင် ဖျော်ဖြေရေးအစီအစဉ်မှာလည်း ပါဝင်ပါတယ်။ မာရဝိဇယဘုရားကြီးမှာ ပထမဆုံးအကြိမ် မီးပုံးပျံလွှတ်တင်ထွန်းညှိပူဇော်ပွဲနဲ့ မသိုးသင်္ကန်းရက်လုပ်ပူဇော်မယ့် အစီအစဉ်တွေလည်း ရှိပါတယ်။ အဲဒါကြောင့် ဘုရားကြီးကို



မခင်မေနိုင်း



မဇင်မာအောင်



ဦးတင်ထူး

လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**မခင်မေနိုင်း**
**(မြန်မာနိုင်ငံကြက်ခြေနီအသင်း)**

ကျွန်မက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း တပ်ကုန်းမြို့ဌာနခွဲက လာရောက်တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်။ ကျွန်မတို့အသင်းက မာရဝိဇယဘုရားကြီးရဲ့ နေရာတွေအနှံ့မှာ တာဝန်ချထားပါတယ်။ ကျွန်မတို့က ဘုရားဖူးပြည်သူတွေ ကျန်းမာရေးတစ်စုံတစ်ရာ ချို့ယွင်းရင် ရှေးဦးသူနာပြုနည်းနဲ့ အရင်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ အရေးပေါ်လိုအပ်ရင်တော့ ဆေးရုံကြီးကို ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အခုလို နေ့ထူးနေ့မြတ်မှာ ကိုယ်တတ်ကျွမ်းတဲ့ အတတ်ပညာနဲ့ ပြည်သူတွေကို ကူညီစောင့်ရှောက်ခွင့်ရတဲ့အတွက် အလွန်ဝမ်းသာ ပီတိဖြစ်မိပါတယ်။ ဘုရားကြီးမှာ ကုသိုလ်ပြုရင်း တစ်ခါမှမမြင်ဖူးတဲ့ မီးပုံးပျံလွှတ်တင်တာတွေလည်း မြင်ဖူးရတော့ အလွန်ပျော်မိပါတယ်။

**မဇင်မာအောင် (ဘုရားဖူးပြည်သူ)**

ကျွန်မက မာရဝိဇယဘုရားကြီးကို အရင်ကလည်း လာရောက်ဖူးမြော်ဖူးပါတယ်။ ဒီနေ့မှာတော့ ရွာမှာရှိတဲ့သူတွေနဲ့ စုပေါင်းပြီး လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီးမှာ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပြီး ထူးထူးခြားခြား မီးပုံးပျံ



ဦးဝင်းသန်း

လွှတ်တင်မယ်လို့ကြားသိရလို့ လာရောက်တာ ဖြစ်ပါတယ်။ အခု ဘုရားဖူးပြီးသွားရင် ဈေးအရောင်းဆိုင်ခန်းတွေနဲ့ တေးဂီတဖျော်ဖြေပွဲတွေကို သွားကြည့်မှာ ဖြစ်ပါတယ်။ ဘုရားကြီးကို အရင်က နေ့ခင်းဘက်တွေပဲ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ အခုလို ညဘက်ကြီး လာရောက်ဖူးမြော်ရတော့ ပိုပြီးပီတိဖြစ်ရပါတယ်။ ဘုရားကြီးနဲ့ မီးပုံးပျံတွေနဲ့ ပနံတင့်ပြီး ကြည်ညိုလို့မဆုံး ဖြစ်မိပါတယ်။

**ဦးဝင်းသန်း (ဘုရားဖူးပြည်သူ)**

နိုင်ငံပိုင်မီဒီယာတွေကနေတစ်ဆင့် မာရဝိဇယဘုရားကြီးမှာ တန်ဆောင်တိုင်ပွဲတော်ပြုလုပ်မယ်ဆိုတာ သိရှိခဲ့ပါတယ်။ ဒါကြောင့် လာရောက်ပြီး ပါဝင်ဆင်နွှဲခြင်း ဖြစ်ပါတယ်။ ဘုရားကြီးကို ရောက်ရှိလာတော့လည်း ပွဲတော်အတွက်ပြင်ဆင်ဆောင်ရွက်ထားမှုတွေဟာ အင်မတန်မှ ဝမ်းသာကြည်နူးဖြစ်မိပါတယ်။ တစ်သက်မှာ တစ်ခါဒီလိုမီးပုံးပျံ လွှတ်တင်ပူဇော်မှုကို အနီးကပ်မမြင်ဖူးခဲ့ပါဘူး။ ဒီလိုထူးခြားတဲ့မြင်ကွင်းတွေကို ဖန်တီးပေးတဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ဘုရားကြီးကို ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်မှုမြင်ကွင်းကလည်း အတော်လေးကို ကြည်ညိုဖို့ကောင်းပါတယ်။ နောက်ရက်တွေမှာလည်း ဘုရားကြီးမှာ မသိုးသင်္ကန်းရက်လုပ်မှာဖြစ်တဲ့အတွက် လာရောက်



ဒေါ်သီတာလွင်

ဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ အနေနဲ့လည်း ထူးခြားလှတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ လာရောက်ကုသိုလ်ယူပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဦးတင်ထူး(ဘုရားဖူးပြည်သူ)**

မာရဝိဇယဘုရားကြီးမှာ တန်ဆောင်တိုင်ပွဲတော်အဖြစ် ဆီမီးပူဇော်ပွဲတွေနဲ့ မီးပုံးပျံလွှတ်တင် ပူဇော်ပွဲတွေရှိတယ်လို့ သိရတဲ့အတွက် လာရောက်ဆင်နွှဲခြင်း ဖြစ်ပါတယ်။ တောင်ကြီးတန်ဆောင်တိုင်ပွဲကိုလည်း မသွားနိုင်တဲ့အတွက် အခုလို နေပြည်တော်မှာ ဒီလို ပြုလုပ်ပေးတဲ့အတွက် တန်ဆောင်တိုင်ကာလရဲ့ စိတ်ခံစားမှုအပြည့်အဝ ရရှိခဲ့ပါတယ်။ အခုလို တန်ဆောင်တိုင်မီးထွန်းပွဲတော် ပြုလုပ်ပေးတဲ့အတွက် မာရဝိဇယဘုရားကြီးဟာလည်း ပိုမိုသပ္ပာယ်ပြီး ကြည်ညိုစရာကောင်းလှပါတယ်။ ဘုရားကြီးအပြင်ဘက်က ပွဲဈေးတန်းတွေသွားရောက်ပြီး အားပေးဦးမှာဖြစ်ပါတယ်။ မသိုးသင်္ကန်းရက်လုပ်ပြီး လပြည့်နေ့မှာ ဆက်ကပ်ပူဇော်ဦးမှာဖြစ်တဲ့အတွက် ဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်ကပြည်သူတွေလည်း လာရောက်ကုသိုလ်ယူဆင်နွှဲကြဖို့ တိုက်တွန်းလိုပါတယ်။

**တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်**
**ဓာတ်ပုံ-ဂျိုင်းလော**

## လားရှိုးမြို့၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ (ငွေလုံးငွေရင်း) အကျိုးခံစားခွင့်ပေးအပ်

**လားရှိုး နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံး၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ (ငွေလုံးငွေရင်း) အကျိုးခံစားခွင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက လားရှိုးမြို့ မြသင်းကြူလျှပ်စစ်ဖြန့်ဖြူးရေး ကုမ္ပဏီလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လားရှိုးခရိုင် လူမှုဖူလုံရေးရုံး တာဝန်ခံ အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဘေဘီစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားပြီး လားရှိုးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော မြသင်းကြူ လျှပ်စစ်ဖြန့်ဖြူးရေး ကုမ္ပဏီလီမိတက်မှ အာမခံ အလုပ်သမား ဦးကျော်ဇင်ဦး သည် လုပ်ငန်းခွင်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ယဉ်ယဉ်အေး ထံသို့ ပေးအပ်သည်။

ထို့နောက် မြသင်းကြူ လျှပ်စစ်ဖြန့်ဖြူးရေး ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးဝင်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန် / ဆက်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## မကွေးမြို့၌ စက်စွမ်းအားပြည့်စိုက်ပျိုးခြင်းနှင့် သမားရိုးကျစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**မကွေး နိုဝင်ဘာ ၂၅**

မကွေးမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန၊ စက်မှုလယ်ယာဦးစီးဌာနဝင်းအတွင်း မြေပဲသီးနှံကို စက်စွမ်းအားပြည့်ဖြင့် စိုက်ပျိုးခြင်းနှင့် သမားရိုးကျစိုက်ပျိုးခြင်းတို့ကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး စက်ဖြင့် မြေပဲနုတ်သိမ်းခြင်းကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မကွေးမြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ဖော်ထုတ်ရရှိသော မျိုးနှင့်နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားပြီး ဒေသသုတေသနဗဟိုဌာနမကွေး၏ တာဝန်ခံဒေါ်မော်မော်သီက လက်ရှိဆောင်ရွက်နေသောသုတေသန လုပ်ငန်းများ၊ မျိုးသန့်ပွားများ ထုတ်လုပ်ရေးများ၊ သစ်စိမ်းမြေသြဇာကျွေးခြင်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စက်စွမ်းအားပြည့် မြေပဲနုတ်သိမ်းခြင်းနှင့် ပိုက်ဆံလျှော်ကို သစ်စိမ်းမြေသြဇာကျွေးခြင်းအား လက်တွေ့ပြသပြီး ဒေသသုတေသနဗဟိုဌာန(မကွေး)မှ မျိုးသန့်အဖြစ် ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံမျိုးများ၏ အရည်အချင်းလက္ခဏာများကို ရှင်းလင်းပြသသည်။

အဆိုပါအခမ်းအနားသို့မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

# ပြည်ပနိုင်ငံ ၉၃ နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်အလုပ်သမား ၁၆၈၄၉၃၄ ဦးကို OWIC ကတ်ပြုလုပ်ခွင့်ပြု၍ စေလွှတ်ခွင့်ပြုပေးခဲ့ပြီးဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၅**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံးခန်းမ၌ ဦးစီးဌာန၊ အဖွဲ့ရုံးတို့မှ ရုံးခွဲတာဝန်ခံများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှု၍ ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကျရာတာဝန်ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့်အညီ တာဝန်ကျရာကဏ္ဍများတွင် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့်ဆက်ဆံရာတွင် စိတ်ရှည်သည်းခံပြီး ယဉ်ကျေးစွာဆက်ဆံရန်၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ခြင်းများ၊ အဂတိလိုက်စားခြင်းများကို ရှောင်ကြဉ်ရန်နှင့် ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားပြီး ရုံးခွဲတာဝန်ခံများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) စိစစ်ထုတ်ပေးသည့်လုပ်ငန်းစဉ်များနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင် လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများနှင့် မိမိအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနစုတွင်လည်းကောင်း၊ ပြည်ပနိုင်ငံများမှ ခွင့်ပြန်အလုပ်သမားများအတွက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) တွင်လည်းကောင်း ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) များကို စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

၁၉၉၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ အစီအစဉ်ဖြင့်လည်းကောင်း၊ မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ ခွင့်ဖြင့်ပြန်လာသူများကိုလည်းကောင်း OWIC ပြုလုပ်ပေးလျက်ရှိရာ ထိုင်းနိုင်ငံသို့ ၁၁၁၀၅၉၅ ဦး၊ စင်ကာပူနိုင်ငံသို့ ၅၂၀၃၅ ဦး၊ ကိုရီးယားနိုင်ငံသို့ ၆၄၃၆၄ ဦး၊ ဂျပန်နိုင်ငံသို့ ၆၀၀၁၃ ဦး၊ မလေးရှားနိုင်ငံသို့ ၃၈၅၅၆၆ ဦးအပါအဝင် ပြည်ပနိုင်ငံ ၉၃ နိုင်ငံသို့ သွားရောက်အလုပ် လုပ်ကိုင်မည့် အလုပ်သမား ၁၆၈၄၉၃၄ ဦးကို OWIC ကတ်ပြုလုပ်ခွင့်ပြု၍ စေလွှတ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသမီးများ အကြမ်းဖက်မှုကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" (4 Digits) ကို ဖွင့်ထား

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၂၃ ခုနှစ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်၍ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုနှစ် ဆောင်ပုဒ်မှာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်ရေး ပေါင်းစုရင်းနှီးမြှုပ်နှံပေး" ဖြစ်ပြီး ဆောင်ပုဒ်၏ အဓိက အလေးပေးလိုသည့်အချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ ဥပဒေပြုရေးကဏ္ဍများတွင် လူအင်အား၊ ငွေအင်အား၊ အသိပညာအင်အားများဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံကြရန်ဖြစ်ကြောင်း။



မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းစီဒေါ (CEDAW) ကို လက်မှတ်ရေးထိုးထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများ အကြမ်းဖက်မှုကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် (၂၄) နာရီ Helpline ဖုန်း "1566" (4 Digits) ကို ဖွင့်ထားပြီး တိုင်ကြားမှုများ လက်ခံ၍ ဝန်ဆောင်မှုပေးလျက် ရှိပါကြောင်း၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် တရားရင်ဆိုင်ခရီးစရိတ်နှင့် အသက်မွေးဝမ်းကျောင်းစရိတ် ထောက်ပံ့ပေးခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ အမျိုးသမီးများ၏ လုံခြုံမှုအတွက် ယာယီနားခိုရာနေရာများကို ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ မော်လမြိုင်၊ လွိုင်ကော်၊ မုံရွာနှင့် စစ်တွေမြို့တို့တွင် စီစဉ်ထားရှိပြီး အခြားသောဝန်ဆောင်မှုများ ရရှိနိုင်ရေးချိတ်ဆက်ပေးခြင်း၊ ညွှန်းပို့ပေးခြင်းများကို ဆောင်ရွက်ပေးနေပါကြောင်း။

ထို့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကလည်း မိမိတို့၏ စီမံကိန်းများတွင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ပပျောက်အောင် ဝိုင်းဝန်းရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိကြောင်း၊ ကဏ္ဍအသီးသီးတွင် အားလုံးပါဝင်ရင်းနှီးမြှုပ်နှံခြင်းဖြင့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများ လျော့နည်းပပျောက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။(ဝဲပုံ)

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေး Video Clip ကိုပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**မင်းလှ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးသည် နိုဝင်ဘာ ၂၃ ရက် နံနက်က မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ ရေနံမြေနှင့် ဆက်စပ်သည့်ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရေနံလက်ယက် တွင်းတိမ်လုပ်ကွက်လျှောက်ထားသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။(ယာပုံ)

ရှေးဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးက ၂၀၂၃ ခုနှစ် ဇွန်လမှ စတင်၍ ရေနံစိမ်း သယ်ဆောင်ခြင်းနှင့် ချက်လုပ်ခြင်း လုပ်ငန်းများကို ခေတ္တရပ်နားထားခဲ့ရပါကြောင်း၊ ထိုသို့ရပ်နားထားသည့်ကာလတွင် ကျေးရွာအတွင်း တရားမဝင်ရေနံစိမ်းတူးဖော်မှု၊ သယ်ဆောင်မှု၊ ချက်လုပ်မှုများကို မပြုလုပ်စေလိုပါကြောင်းနှင့် ထုတ်ပြန်ထားသည့်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို တာဝန်သိစွာ လိုက်နာရန် လိုအပ်ပါကြောင်း၊ ရေနံလက်ယက်တွင်းတိမ်လုပ်ကွက် လျှောက်ထားသည့် လုပ်ငန်းရှင်များအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာ ရေးဆွဲအောင်မြင်ထားပြီးပါက ခြောက်လ တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ ရေးဆွဲရန် လိုအပ်သဖြင့် ရေးဆွဲထားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည့်အချက်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် တာဝန်ရှိသူများသည် မင်းလှမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်ဆက်)**

# မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

မောင်ရွှေရိုး

## နိဒါန်း

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်ဆိုပါက ရွေးကောက်ပွဲများကျင်းပ၍ ဆောင်ရွက်ရမည်ဖြစ်သည်။ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတာဝန်များအတွက် ဆောင်ရွက်ကြမည့် ပါတီကိုယ်စားလှယ်များကို ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ကြခြင်းဖြစ်သည်။ ထိုသူများသည် နိုင်ငံတော်ကို စီမံအုပ်ချုပ်ကြရမည့်သူများ ဖြစ်ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲတစ်ခုသည် တရားမျှတပြီး လွတ်လပ်၍ မှန်ကန်မှု ရှိစေရန်အရေးကြီးပါသည်။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏ အသက်ခန္ဓာများဖြစ်သဖြင့် နိုင်ငံသားတိုင်း အလေးထားကြစေလိုပါသည်။ မိမိတို့ရရှိသည့် နိုင်ငံသားအခွင့်အရေးဖြင့် ဆန္ဒပြုရွေးချယ်လိုက်သည့် တန်ဖိုးမှာ မိမိနိုင်ငံတော်၏ ကံကြမ္မာဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါသည်။

## ဗြိတိသျှတို့ သိမ်းပိုက်ပြီး အစောပိုင်းကာလ

မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီး အစောပိုင်းကာလကတည်းက ရွေးကောက်ပွဲများ ဆောင်ရွက်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က ၁၈၆၁ ခုနှစ် အိန္ဒိယကောင်စီဥပဒေများပါ ဥပဒေပြုခွင့်ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံကို ဒုတိယဘုရင်ခံအား အုပ်ချုပ်စေပြီး ဥပဒေပြုကောင်စီကို ဖွဲ့စည်းခဲ့သည်။ ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြန်မာနိုင်ငံရေးသမိုင်းတွင် ပထမဆုံး ရွေးကောက်ပွဲဖြစ်သည့် ဥပဒေပြုကောင်စီရွေးကောက်ပွဲ (Legislative Council Election) ကို ပထမဆုံးစတင်ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံး ဆန္ဒမဲပေးနိုင်သည့်ဦးရေ ၁၇၆၇၂၂၇ ဦးအနက် ကန့်သတ်အုပ်ချုပ်မှုနှင့် ကန့်ကွက်မှုများကြောင့် ၆ ဒသမ ၉၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ ဥပဒေပြုကောင်စီကိုယ်စားလှယ်အတွက် အင်္ဂလိပ်ကုန်သည် ၁၀၀ လျှင် ကိုယ်စားလှယ်တစ်ဦးကျ ရွေးချယ်ခွင့်ရှိသော်လည်း မြန်မာတိုင်းရင်းသား ၃၀၀၀၀ လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းသာ ရွေးချယ်ခွင့်ရရှိခဲ့ကြပါသည်။ အလားတူ အုပ်ချုပ်ရေးကောင်စီဝန်ကြီး လေးနေရာတွင်လည်း နှစ်ဦးကို အင်္ဂလိပ်ဘုရင်ခံက တိုက်ရိုက်ခန့်ပြီး ကျန်နှစ်နေရာကို ဥပဒေပြုကောင်စီက ထောက်ခံသူနှစ်ဦးအား ဘုရင်ခံက လက်ခံသည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။ ရွေးကောက်ပွဲတွင် ၂၁ ဦးပါတီက နေရှင်နယ်လစ်ပါတီအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဂျေအေမောင်ကြီးအဖွဲ့က အင်ဒီပင်းဒင့်အမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲပြီးသွားသောအခါ အမတ် ၇၉ နေရာအတွက် နေရှင်နယ်လစ်ပါတီမှ ၂၈ နေရာ၊ အင်ဒီပင်းဒင့်ပါတီမှ နေရာ ၂၀ ရရှိခဲ့ပါသည်။ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ကိုးဦးပါဝင်ရာ ငါးဦးမှာ



ပြည်ထောင်စုလွှတ်တော်(၁၉၄၇)၏ အောက်လွှတ်တော်အစည်းအဝေးကို ရန်ကုန်မြို့ အတွင်းဝန်ရုံး၌ ကျင်းပစဉ်။

အစိုးရအရာရှိများဖြစ်၍ လေးဦးမှာ အရာရှိမဟုတ်သူများဖြစ်ကြသည်။ ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ပြုခြင်းဖြင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဥပဒေပြုခွင့်ရရှိလာခဲ့ခြင်းဖြစ်သည်။

၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ၁၉၁၉ ခုနှစ် အိန္ဒိယနိုင်ငံ (စီရင်အုပ်ချုပ်မှု) ဥပဒေအရ မြန်မာနိုင်ငံသည် ဒိုင်အာခီအုပ်ချုပ်ရေးကို ရရှိခဲ့သည်။ ဒိုင်အာခီစနစ်တွင် "ပြည်နယ်ကိစ္စရပ်များ" ကို မြန်မာအစိုးရက တာဝန်ယူသည်။ ဘုရင်ခံသည် ဥပဒေပြုကောင်စီက ရွေးကောက်တင်မြှောက်သည့် ဝန်ကြီးနှစ်ဦး၏ အကြံပေးချက်အရ အုပ်ချုပ်သည်။ ဥပဒေပြုကောင်စီတွင် အဖွဲ့ဝင် ၁၀၃ ဦးရှိရာ မြန်မာပြည်နယ်ဥပဒေပြုကောင်စီတွင် ၇၉ ဦးကို ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်တင်မြှောက်ခံရသော ၇၉ ဦးအနက် ၅၈ ဦးကို အထွေထွေမဲဆန္ဒနယ်များ (General Constituencies) မှလည်းကောင်း၊ ကုန်သည်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသည့် အထူးမဲဆန္ဒနယ်များမှ ခြောက်ဦးကိုလည်းကောင်း၊ လူမျိုးအလိုက်ထားရှိသော မဲဆန္ဒနယ် ၁၅ နယ်တွင် အိန္ဒိယလူမျိုးတို့အတွက် ရှစ်နေရာ၊ ဥရောပတိုက်သားများအတွက် တစ်နေရာ၊ အင်္ဂလိပ် - အိန္ဒိယကပြားများအတွက် တစ်နေရာနှင့် ကရင်လူမျိုးအတွက် ငါးနေရာကိုလည်းကောင်း သတ်မှတ်ထားခဲ့သည်။ ဥပဒေပြုကောင်စီတွင် အထွေထွေမဲဆန္ဒနယ်များအပြင် လူမျိုးအလိုက် ရွေးချယ်ရန် မဲဆန္ဒနယ်များကို သတ်မှတ်ခြင်းသည် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ပုံစနစ်ကို ပီပြင်စွာ သရုပ်ပေါ်စေသည်။ အထွေထွေမဲဆန္ဒနယ်များကိုလည်း မြို့မနှင့် ကျေးလက်မဲဆန္ဒနယ်များအဖြစ် ခွဲခြားခဲ့ပြန်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ အသက် ၁၈ နှစ်အထက် ကျေးရွာများတွင် နေထိုင်သူဖြစ်လျှင် လူခွန် သို့မဟုတ် သဿမေဓ အခွန်ဆောင်သူဖြစ်ပြီး မြို့များတွင် နေထိုင်သူဖြစ်လျှင် အမြတ်ခွန် သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ် အနည်းဆုံးအခွန် လေးကျပ်ထမ်းဆောင်သူဖြစ်ရသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို မြန်မာတို့ မကြိုက်ခဲ့သော်လည်း ရွေးကောက်တင်မြှောက်ခြင်းဟူသော အလေ့အကျင့်ကို မြန်မာလူမျိုးများအနေဖြင့် အတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်။ ၁၉၂၃ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနာ ကရက်ဒေါက်၏ရာထူးနေရာ၌ ဆာဟာကုတ်ဘတ္တလာ တာဝန်လွှဲပြောင်းရယူခဲ့ပါသည်။ ထိုနေ့၌ပင် ဒိုင်အာခီအစိုးရအဖွဲ့ကို ဖွဲ့စည်းကာ ဝန်ကြီးရာထူး လေးနေရာကို ခန့်အပ်ခဲ့ရာ ဘဏ္ဍာရေးဝန်ကြီး ဆာဝီလျံကီ၊ ပြည်ထဲရေးဝန်ကြီး ဆာမောင်ခင်၊ ပညာရေးဝန်ကြီး နေရှင်နယ်လစ်ပါတီမှ အမ်အေမောင်ကြီးနှင့် သစ်တောရေးရာဝန်ကြီး အင်ဒီပင်းဒင့်ပါတီမှ ဂျေအေမောင်ကြီးတို့ကို ခန့်အပ်ခဲ့ပါသည်။

ဒုတိယအကြိမ် ရွေးကောက်ပွဲကို ၁၉၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပခဲ့ရာ မဲပေးနိုင်သူဦးရေ ၁၈၂၃၂၄၇ ဦးအနက် ၁၆ ဒသမ ၂၆ ရာခိုင်နှုန်းမဲပေးခဲ့ကြပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သော ပါတီ လေးပါတီရှိပြီး ပြည်သူ့ပြည်သားပါတီ (People's Party)၊ သရာဇပါတီ၊ ရွှေတောင်ကြားပါတီနှင့် ဟုမ္မရူးလိဂ်ပါတီ (Home Rule League) တို့ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပြည်သူ့ပြည်သားပါတီ ၂၅ နေရာ၊ သရာဇပါတီ ကိုးနေရာ၊ ရွှေတောင်ကြားပါတီ နေရာ ၂၀ နှင့် ဟုမ္မရူးလိဂ်ပါတီ ၁၁ နေရာ အရွေးခံရပါသည်။ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ဘုရင်ခံက တိုက်ရိုက်ခန့်အပ် ဝန်ကြီး နှစ်ပါးမှာ ဘဏ္ဍာရေးဝန်ကြီး ဆာဝီလျံကီနှင့် ပြည်ထဲရေးဝန်ကြီး ဦးမေအောင်တို့ဖြစ်ပြီး အင်အားကြီးပါတီတို့၏ ထောက်ခံမှုဖြင့် ပညာရေးဝန်ကြီး ဒေါက်တာဘရင်နှင့် သစ်တောရေးဝန်ကြီး ဦးအရိမ်တို့ကို ခန့်အပ်ခဲ့ပါသည်။

၁၉၂၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၌ တတိယအကြိမ်မြောက် ဒိုင်အာခီ ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် ပြည်သူ့ပြည်သားပါတီနှင့် ရွှေတောင်ကြားပါတီ စုစုပေါင်း နှစ်ပါတီ ယှဉ်ပြိုင်ကြပါသည်။ ရွေးကောက်ပွဲတွင် ပြည်သူ့ပြည်သားပါတီက အမတ် ၄၀ နေရာ ရွေးချယ်ခံရပြီး ရွှေတောင်ကြားပါတီက အမတ် ၁၂ နေရာသာ ရရှိခဲ့ပါသည်။ ဘုရင်ခံ ဆာချားလ်အင်းနစ်၏ အလိုကျ ခန့်အပ်ရသော ဝန်ကြီးနှစ်နေရာမှာ ဘဏ္ဍာရေးဝန်ကြီး ဆင်မြူရယ် ဒဂင်ဒရူးစမိုက်နှင့် ပြည်ထဲရေးဝန်ကြီး ဆာဂျေအေမောင်ကြီးတို့ ဖြစ်ပါသည်။ ကျန်ဝန်ကြီး နှစ်ဦးမှာ ပညာရေးဝန်ကြီး ဝတ်လုံဦးဘတင်နှင့် သစ်တောရေးရာဝန်ကြီး ဦးအရိမ် ဖြစ်ပါသည်။

၁၉၃၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ စတုတ္ထအကြိမ်မြောက် ဒိုင်အာခီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ခဲ့ရာ အိန္ဒိယနိုင်ငံနှင့် တွဲရေးအဖွဲ့များဖြစ်သော ဦးချစ်လှိုင် ဂျီစီဘီအေနှင့် ဒေါက်တာဘမော်ပါတီ၊ ခွဲရေးအဖွဲ့များဖြစ်သော အမ်အေမောင်ကြီး၏ ပြည်သူ့ပြည်သားပါတီ စုစုပေါင်း သုံးပါတီတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပါသည်။ ရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံနှင့် တွဲရေးအဖွဲ့၊ ခွဲရေးအဖွဲ့၊ ကြားနေအဖွဲ့များ ပေါ်လာကြပြီး ယင်းရွေးကောက်ပွဲတွင် တွဲရေးဘက်မှ ၄၂ ဦး၊ ခွဲရေးဘက်မှ ၂၉ ဦး၊ ကြားနေ တစ်သီးပုဂ္ဂလအမတ် ကိုးဦးတို့ အရွေးခံခဲ့ကြပါသည်။ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ဘဏ္ဍာရေးဝန်ကြီး မစ္စတာကူးပါး၊ ပြည်ထဲရေးဝန်ကြီး ဆာမောင်ဘ၊ သစ်တောရေးဝန်ကြီး ဆာဂျေအေမောင်ကြီး၊ ပညာရေးဝန်ကြီး ဝတ်လုံတော်ရဦးကျော်ဒင်တို့အား ခန့်အပ်ခဲ့ပါသည်။

## ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေ

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ (စီရင်အုပ်ချုပ်မှု) အက်ဥပဒေအရ မြန်မာနိုင်ငံအစိုးရသည် ပို၍အာဏာရရှိလာသည်။ ဗြိတိသျှဘုရင်မင်းမြတ်ကို ကိုယ်စားပြုသော ဘုရင်ခံနှင့် လွှတ်တော်နှစ်ရပ်ပါဝင်သော ဥပဒေပြုလွှတ်တော်တို့သည် ဥပဒေပြုခွင့်ရရှိလာကြသည်။ ယင်းအုပ်ချုပ်ရေးစနစ်ကို ၉၁ ဌာနအုပ်ချုပ်ရေးဟုခေါ်တွင်သည့် ဥပဒေပြုလွှတ်တော်၏ အမတ်များကိုလည်းကောင်း၊ ဝန်ကြီးများကိုလည်းကောင်း ရွေးချယ်တင်မြှောက်ခွင့် အထိုက်အလျောက်ပေးခဲ့ကြောင်း တွေ့ရှိနိုင်ပေသည်။ ရွေးချယ်တင်မြှောက်သည့် အလေ့အကျင့်ကို ပြည်သူလူထုအနေဖြင့် အထိုက်အလျောက်ရရှိခဲ့သည်။ ဥပဒေပြုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House Of Representative) တို့ဖြစ်ကြပါသည်။ အထက်လွှတ်တော်တွင် အမတ် ၃၆ ဦးပါဝင်ပြီး ထက်ဝက်ကို အစိုးရကခန့်အပ်၍ ထက်ဝက်ကို အောက်လွှတ်တော်၌ ရွေးချယ်တင်မြှောက်ပါသည်။ အောက်လွှတ်တော်အမတ်များထဲမှ အချိုးကျ ကိုယ်စားပြုရွေးချယ်သည့်စနစ် (System Of Proportional Representation) ကျင့်သုံးပါသည်။

၁၉၃၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ၉၁ ဌာန အုပ်ချုပ်ရေးကာလ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ ပထမဆုံးအကြိမ် ဥပဒေပြုအောက်လွှတ်တော်အမတ် ရွေးကောက်ပွဲ ဖြစ်ပါသည်။ အထွေထွေမဲဆန္ဒနယ်များကို ကျေးလက်နှင့်မြို့မ မဲဆန္ဒနယ်များဟု *စာမျက်နှာ ၁၁ သို့*

❑ **ဥပဒေပြုကောင်စီတွင် အထွေထွေမဲဆန္ဒနယ်များအပြင် လူမျိုးအလိုက် ရွေးချယ်ရန် မဲဆန္ဒနယ်များကို သတ်မှတ်ခြင်းသည် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ပုံစနစ်ကို ပီပြင်စွာ သရုပ်ပေါ်စေသည်။ အထွေထွေမဲဆန္ဒနယ်များကိုလည်း မြို့မနှင့် ကျေးလက်မဲဆန္ဒနယ်များအဖြစ် ခွဲခြားခဲ့ပြန်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ အသက် ၁၈ နှစ်အထက် ကျေးရွာများတွင် နေထိုင်သူဖြစ်လျှင် လူခွန် သို့မဟုတ် သဿမေဓအခွန်ဆောင်သူဖြစ်ပြီး မြို့များတွင် နေထိုင်သူဖြစ်လျှင် အမြတ်ခွန် သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပေါ် အနည်းဆုံးအခွန် လေးကျပ်ထမ်းဆောင်သူဖြစ်ရသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို မြန်မာတို့ မကြိုက်ခဲ့သော်လည်း ရွေးကောက်တင်မြှောက်ခြင်းဟူသော အလေ့အကျင့်ကို မြန်မာလူမျိုးများအနေဖြင့် အတိုင်းအတာတစ်ခုအထိ ရရှိခဲ့သည်**

*စာမျက်နှာ ၁၀ မှ*

ထပ်မံ ခွဲခြားထားသည်။ အိန္ဒိယလူမျိုး မဲဆန္ဒနယ်များအားလုံးသည် မြို့မမဲဆန္ဒနယ်များ ဖြစ်ကြသည်။ အင်္ဂလိပ်-မြန်မာ ကပြားမဲဆန္ဒနယ်အဖြစ် မြန်မာနိုင်ငံတစ်ခုလုံးကို သတ်မှတ်သည်။ ဥရောပတိုက်သားများ မဲဆန္ဒနယ်အဖြစ်လည်း မြန်မာနိုင်ငံတစ်ခုလုံးကို သတ်မှတ်ပါသည်။ အထူးမဲဆန္ဒနယ်များအဖြစ် သတ်မှတ်သော ကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်းများနှင့် တက္ကသိုလ်တို့အတွက်လည်း သီးခြားပြဋ္ဌာန်းချက်များ ပါရှိပါသည်။ မဲစာရင်းသီးခြားပြုစု၍ ယင်းမဲစာရင်း၌ ပါဝင်သူများက ယင်းမဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးရပါသည်။ ယင်းမဲစာရင်းတွင် ပါဝင်ရန် ဗြိတိသျှလက်အောက်ခံနိုင်ငံသား သို့မဟုတ် အိန္ဒိယတိုင်းရင်းသား မင်ဘာများပိုင် နယ်မြေလက်အောက်ခံ နိုင်ငံသားများဖြစ်ရမည့်အပြင် အသက် ၂၁ နှစ် ပြည့်သူများဖြစ်ရပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ သတ်မှတ်ရာ၌ အရည်အချင်းများတွင် အခွန်ထမ်းဆောင်သူဖြစ်ခြင်း၊ ပစ္စည်းပိုင်ရှင်ဖြစ်ခြင်း စသည်တို့ကို တစ်ချိန်ကထည့်သွင်းခဲ့ကြောင်း၊ အမြတ်ခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် အစိုးရဝန်ထမ်းအဖြစ်မှ အငြိမ်းစားနေသူဖြစ်ခြင်း သို့မဟုတ် လူခွန် သို့မဟုတ် သဿမေဓခွန်ထမ်းဆောင်သူဖြစ်ခြင်း၊ ဒိစတြိတ်ကောင်စီ အခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် ငါးကျပ်ထက်မနည်းသော မြေခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် မြို့တွင်နေထိုင်သူဖြစ်လျှင် ကျပ်တစ်ရာထက်မနည်း တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပိုင်ဆိုင်သူဖြစ်ခြင်း၊ မြို့တွင် နေထိုင်သူဖြစ်လျှင် မြူနီစီပယ်ခွန်ထမ်းဆောင်သူဖြစ်ခြင်း သို့မဟုတ် လေးကျပ်ထက်မနည်းသော အိမ်ငှားခရှိသည့် အိမ်တွင်နေထိုင်သူဖြစ်ခြင်း စသည့်အခွန်ပေးဆောင်မှု သို့မဟုတ် ပစ္စည်းပိုင်ဆိုင်မှုတို့ကို အရည်အချင်းတစ်ရပ်အဖြစ် ထည့်သွင်းခဲ့ကြောင်း သိရှိရပါသည်။

အောက်လွှတ်တော်တွင် ပြည်သူတို့ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ် ၁၃၂ ဦး ပါဝင်ပါသည်။ အောက်လွှတ်တော်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပါသည်။ အထက်လွှတ်တော်တွင် လွှတ်တော်အမတ် ၃၆ ဦး ပါဝင်ပြီး အထက်လွှတ်တော်၏သက်တမ်းမှာ ခုနစ်နှစ်ဖြစ်ပါသည်။ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရ ခုနစ်ပါတီတွင် ငါးပွင့်ဆိုင်ပါတီမှ ၄၆ ဦး၊ ဆင်းရဲသားဝံသာနု (ဓားမ) ပါတီမှ ၁၆ ဦး၊ ဦးချစ်လှိုင် ဂျီစီဘီအေပါတီမှ ၁၂ ဦး၊ ကိုယ့်မင်းကိုယ့်ချင်းပါတီမှ သုံးဦး၊ ဖေဘီယန်ပါတီမှ တစ်ဦး၊ ရွှေတောင်ကြားပါတီမှ နှစ်ဦး၊ သက်ပန်း ဂျီစီဘီအေ ပါတီမှ တစ်ဦးနှင့် တစ်သီးပုဂ္ဂလ ၁၇ ဦးတို့ အနိုင်ရရှိကြပါသည်။ ငါးပွင့်ဆိုင်ပါတီတွင် ဦးဘဘေ၏ ပြည်သူပြည်သားပါတီ၊ ရွှေကျင် ဦးပု၏ လွတ်လပ်ရေးပါတီ၊ အမ်အေမောင်ကြီးအဖွဲ့၊ မန္တလေးဗဟိုစည် ဦးဘဦးတို့အဖွဲ့၊ ရတနာပုံ အသင်းချုပ်ကြီးတို့ ပါဝင်ဖွဲ့စည်းထားရာ ငါးပွင့်ဆိုင်ပါတီသည် အမတ်အများဆုံးအနိုင်ရရှိသော်လည်း အမှန်တကယ် အစိုးရဖွဲ့သောအခါ နန်းရင်းဝန်၊ ဝန်ကြီးနှင့် အမတ်နေရာများအပေါ် အဝေမတည့်ဖြစ်ရကာ ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ရပါသည်။ ၉၁ ဌာနကျင့်သုံးနေစဉ် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သဖြင့် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ရွေးကောက်ပွဲများ ကျင်းပခြင်းမရှိခဲ့ပေ။

## စစ်ပြီးခေတ်မြန်မာနိုင်ငံ

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ပင်လုံစာချုပ်ပါ တိုင်းရင်းသားလူမျိုးစုများပါ ကိုယ်စားပြုပါဝင်သည့် အောင်ဆန်း - အက်တလီသဘောတူညီချက်နှင့်အညီ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ

**❝ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ် (၁၉၄၈-၁၉၆၂) တွင် ပါလီမန်အထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ တွင် "ဤအခြေခံဥပဒေအရ ကျင်းပသော ပထမအမတ် ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ကျင်းပရမည်" ဟု ဖော်ပြပါရှိသော်လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းစစ်ကြောင့် ပထမအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ အား ၁၉၅၁ ခုနှစ် ဇွန်လ ၁၂၊ ၁၃ ရက်နေ့မှ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၁၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည် ❞**

(စီရင်အုပ်ချုပ်မှု) အက်ဥပဒေပါ ရွေးကောက်ပွဲယန္တရားများကို အသုံးပြု၍ တိုင်းပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ဖဆပလအဖွဲ့ချုပ်က အနိုင်ရရှိခဲ့သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည်။ အခြေခံအချက်များကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဇွန်လ ၁၆ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးသို့ တင်သွင်း၍ ၁၈ ရက်နေ့တွင် အဖွဲ့ဝင် ၇၅ ဦးထက်မနည်း ပါဝင်သော အခြေခံဥပဒေကော်မတီကို တိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုခဲ့သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် ဘုရင်ခံကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဝင်ရောက်တာဝန်ယူသူ ဦးနုနှင့်အဖွဲ့သည် လန်ဒန်မြို့သို့ သွားရောက်၍ နု-အက်တလီစာချုပ်ဟု အမည်တွင်သည့်စာချုပ်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်တွင် ဗြိတိသျှအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။

## ၁၉၄၇ ခုနှစ် စစ်ပြီးခေတ် ရွေးကောက်ပွဲကျင်းပမှု

စစ်ပြီးခေတ်ရွေးကောက်ပွဲများကို မူလက ရွေးကောက်ပွဲမင်းကြီး တစ်ဦးခန့်ထားပြီး ယင်း၏ စီမံခန့်ခွဲမှု၊ ကြီးကြပ်မှုအောက်တွင် ရွေးကောက်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ၁၉၄၆ ခုနှစ်မှစတင်ခဲ့သည့် ရွေးကောက်ပွဲမင်းကြီးများမှာ ဦးကာစီ၊ ဦးလှရှိန်၊ ဦးကျော်၊ ဦးလှိုင်ဘွား၊ ဦးစံညွန့်၊ ဦးဘဋွေး၊ ဦးအုန်းဖေ တို့ဖြစ်သည်။ ၁၉၆၁-၁၉၆၂ ခုနှစ်တွင် ပထမဆုံးရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲများကို ရွေးကောက်ပွဲမင်းကြီးချုပ်နှင့် ရွေးကောက်ပွဲမင်းကြီးများက အဖွဲ့ဖြင့် တာဝန်ယူစုပေါင်းဆောင်ရွက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သတိုးသီရိဓမ္မဦးတင်က ရွေးကောက်ပွဲမင်းကြီးချုပ်အဖြစ် ဆောင်ရွက်၍ ရွေးကောက်ပွဲမင်းကြီးများအဖြစ် သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်နှင့် ဝဏ္ဏကျော်ထင် ဦးအုန်းဖေတို့ ဆောင်ရွက်သော ရွေးကောက်ပွဲကော်မရှင်၏သက်တမ်းမှာ တစ်နှစ်ခန့်သာ ကြာမြင့်ခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ခန့်ထားသောကော်မရှင်ကို တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၈ ရက်နေ့မှစ၍ ဖျက်သိမ်းခဲ့ကာ အဖွဲ့ဝင် သုံးဦးတို့၏ အလုပ်ဝတ္တရားများကိုလည်း ယင်းနေ့မှစ၍ ရပ်စဲခဲ့သည်။

၁၉၄၇ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ)၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင်အမျိုးသားသမဂ္ဂတို့သာမက တစ်သီးပုဂ္ဂလများပါ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ရွေးကောက်ပွဲတွင် နေရာ ၂၅၅ နေရာအနက် လူမျိုးစု ၅၅ နေရာကို ချန်လှပ်ပြီး ရွေးချယ်တင်မြှောက်ကြပါသည်။ ယင်းရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများနှင့် ဖဆပလအဖွဲ့ချုပ်က ကြိုတင်အမည်စာရင်းသတ်မှတ်ပေးသည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်တင်မြှောက်ခံရပါသည်။

ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) က ၁၇၂ နေရာ၊ ကရင်တိုင်းရင်းသား ၂၄ နေရာ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ခုနစ်နေရာ၊ အင်္ဂလိပ် - ဗမာကပြား လေးနေရာနှင့် တစ်သီးပုဂ္ဂလ သုံးနေရာ အသီးသီးအနိုင်ရရှိခဲ့သည်။ အင်္ဂလိပ် - ဗမာကပြားလေးနေရာနှင့် တစ်သီးပုဂ္ဂလ သုံးနေရာမှလွဲ၍ ကျန်အမတ်များအားလုံး ဖဆပလနှင့် ပူးပေါင်းခဲ့ရာ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (ဖဆပလ) က ၂၅၅ နေရာအနက် ၂၄၃ နေရာရရှိရာ ၉၅ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့သည်။

## လွတ်လပ်ရေးရပြီးခေတ် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ် (၁၉၄၈-၁၉၆၂) တွင် ပါလီမန်အထွေထွေရွေးကောက်ပွဲ သုံးကြိမ် ကျင်းပခဲ့ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၃၃ တွင် "ဤအခြေခံဥပဒေအရ ကျင်းပသော ပထမအမတ် ရွေးကောက်ပွဲကို ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ၁၈ လအတွင်း ကျင်းပရမည်" ဟု ဖော်ပြပါရှိသော်လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းစစ်ကြောင့် **ပထမအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** အား ၁၉၅၁ ခုနှစ် ဇွန်လ ၁၂၊ ၁၃ ရက်နေ့မှ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလအထိ အသုတ်လိုက်ခွဲ၍ ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၁၂ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ထုတ်ပြန်ချက်အရ ဖဆပလအဖွဲ့ချုပ် နေရာ ၁၈၀၊ ဗမာပြည်အလုပ်သမားလယ်သမားပါတီ ခြောက်နေရာ၊ ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံ ၁၄ နေရာ၊ ရခိုင်အမျိုးသားအဖွဲ့ ကိုးနေရာ၊ တစ်သီးပုဂ္ဂလ ရခိုင်မွတ်စလင်များ လေးနေရာ၊ ကရင်အမျိုးသားကွန်ဂရက် သုံးနေရာ၊ ချင်းနိုင်ငံရေးအဖွဲ့အစည်းများ ငါးနေရာ၊ အခြားတစ်သီးပုဂ္ဂလများ ရှစ်နေရာတို့ အမတ်များ ရွေးချယ်ခံရပါသည်။ ထိုရွေးကောက်ပွဲတွင် ဖဆပလအဖွဲ့ချုပ်က ၉၅ ဒသမ ၃ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပါသည်။

**ဒုတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** အား ၁၉၅၆ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ဇွန်လအထိ ကျင်းပခဲ့ပြီး နိုင်ငံရေးပါတီ ၂၉ ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ဖဆပလအဖွဲ့ချုပ် ၁၄၄ နေရာရရှိခဲ့ပြီး ဆန္ဒမဲပေါင်း ၁၇၄၃၈၁၆ မဲဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၄၇ ဒသမ ၉ ရာခိုင်နှုန်းရရှိခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) အမတ် ၄၆ နေရာ ရွေးချယ်ခံရပြီး ဆန္ဒမဲပေါင်း ၁၁၃၉၂၀၆ မဲဖြင့် မဲပေးမှုရာခိုင်နှုန်းမှာ ၄၄ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲတွင် ဖဆပလကသာ အနိုင်ရရှိသော်လည်း ၁၉၅၈ ခုနှစ် မေလတွင် ဦးနု၊ သခင်တင်တို့ ခေါင်းဆောင်သော သန့်ရှင်းဖဆပလအုပ်စုနှင့် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့ ခေါင်းဆောင်သော တည်မြဲဖဆပလ အုပ်စုဟူ၍ ဖဆပလ နှစ်ခြမ်းကွဲခဲ့ပါသည်။ အနိုင်ရရှိသော ဦးနုခေါင်းဆောင်သည့် အစိုးရအသစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

**တတိယအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲ** မကျင်းပမီ ၁၉၅၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့တွင် နိုင်ငံရေးသမားများကြား အာဏာလွန်ဆွဲပွဲများ ပြင်းထန်လာသော အခြေအနေများကြောင့် ပြည်တွင်းအခြေအနေအရပ်ရပ် မတည်ငြိမ်မှုများ ဖြစ်လာသဖြင့် ဝန်ကြီးချုပ် ဦးနုသည် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော အိမ်စောင့်အစိုးရထံ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးခဲ့၍ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လွတ်လပ်ပြီး တရားမျှတသော ပါလီမန်အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ ထိုရွေးကောက်ပွဲသည် တတိယအကြိမ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ၃၃ ပါတီနှင့် အဖွဲ့အမည်မပါသော တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် နေရာ ၂၅၀ အနက် သန့်ရှင်းဖဆပလ ၂၀၃ နေရာ၊ တည်မြဲ ဖဆပလ ၃၉ နေရာ၊ မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေး တပ်ပေါင်းစု (ပမညတ) တစ်နေရာ အမတ်များ ရွေးချယ်ခံရပါသည်။ အနိုင်ရရှိသော သန့်ရှင်းဖဆပလသည် ၁၉၆၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် ညီလာခံကျင်းပ၍ ပြည်ထောင်စုပါတီ (ပထစ)ဟူ၍ပြောင်းလဲခဲ့ပါသည်။ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၄ ရက်နေ့တွင် အနိုင်ရရှိသော ပြည်ထောင်စုပါတီ (ပထစ) ကို အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာ ပြန်လည်လွှဲပြောင်းရာတွင် ဝန်ကြီးချုပ် ဦးနုက နိုင်ငံတော်အကြီးအကဲ တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့ပါသည်။

## တော်လှန်ရေးကောင်စီ ရွေးကောက်ပွဲများ

ပြည်ထောင်စုအစိုးရ (၁၉၆၀-၁၉၆၂) လက်ထက်တွင် ရခိုင်နှင့် မွန်ပြည်နယ်ပေးရေး ပြဿနာများသာမက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာပြုလုပ်သည့် ကိစ္စများအပြင် ဖက်ဒရယ်မူ ပြဿနာများ ပေါ်ပေါက်လာပြီး နိုင်ငံရေးအခြေအနေ ယိမ်းယိုင်ယိုယွင်းလာသော အခြေအနေ အရပ်ရပ်ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော တပ်မတော်က ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အာဏာသိမ်းယူပြီး တော်လှန်ရေးကောင်စီအစိုးရဖွဲ့စည်းခဲ့ကာ မတ်လ ၃ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကို ဖျက်သိမ်းလိုက်ရာ ပါလီမန်ဒီမိုကရေစီခေတ် အဆုံးသတ်ခဲ့ပါသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့မှစ၍ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းရန်ရှိနေသည့်အတွက် ၁၉၇၃ ခုနှစ်အထိ ရွေးကောက်ပွဲများကို ကျင်းပခြင်း မပြုနိုင်ခဲ့ပါ။ ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် ကျင်းပခဲ့ပါသည်။ ၁၉၇၃ ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင်ဥပဒေအရ ဥက္ကဋ္ဌ ဦးစိုးရနှင့် အဖွဲ့ဝင် ၂၆ ဦး စုစုပေါင်း ၂၇ ဦး ပါဝင်သော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၇) ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ပုံမှန်ရွေးချယ်တင်မြှောက်ပွဲများကို လေးကြိမ် ကျင်းပခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# MNDAA , TNLA , AA အကြမ်းဖက်သမားသောင်းကျန်းသူများမှ တရုတ်-မြန်မာနှစ်နိုင်ငံ၏ အကျိုးစီးပွားထိခိုက်စေရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ တရုတ်-မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရေးစခန်းတစ်ခုအား ဝင်ရောက်ဖျက်ဆီးခဲ့မှု၊ လျှပ်စစ်ကဏ္ဍ ထိခိုက်ပျက်စီးစေရန် ရည်ရွယ်၍ KNU , PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မြိုင်ကလေး-သထုံ-ဘီးလင်းနှင့် မြိုင်ကလေး-ရန်ကုန် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတို့အား မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးခဲ့မှုနှင့် လိုအပ်သော ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်မှုအခြေအနေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုအား နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ယနေ့တွင် လုပ်ဆောင်လျက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ ၂၅-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ် (အရှေ့မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်




MNDAA, TNLA, AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ တရုတ်–မြန်မာ နှစ်နိုင်ငံ စီးပွားရေးဆက်သွယ်ရေးမှာ အဓိကကျတဲ့ မန္တလေး –မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်မှာ တံတားများကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လမ်းများ ပိတ်ဆို့တာတွေ၊ လမ်းတွေကို ဖျက်ဆီးတာတွေကိုဆောင်ရွက်ပြီး နှစ်နိုင်ငံစီးပွားရေးဆက်သွယ်ရေးနဲ့ ပြည်သူလူထုရဲ့ စီးပွားရေးကို လူမှုဘဝတည်ငြိမ်ရေးကို ထိခိုက်စေရုံသာမကဘဲနောက်ပိုင်း တရုတ်–မြန်မာနှစ်နိုင်ငံရဲ့စီးပွားရေးနဲ့ ဆက်ဆံရေး မဟာဗျူဟာကျတဲ့ တရုတ် –မြန်မာ ရေနံဓာတ်ငွေ့ ပိုက်လိုင်းကိုပါ အနှောင့်အယှက်ပေးလာတာကို တွေ့ရပါတယ်။ TNLA, AA ပူးပေါင်း အကြမ်းဖက်အဖွဲ့အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဇီပင်ကျေးရွာအနီးမှာရှိတဲ့ တရုတ် – မြန်မာ ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်း ထိန်းချုပ်ရေးစခန်းတစ်ခုကို ဒီနိုဝင်ဘာလ ၁၅ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ဝင်ရောက်နေထိုင်ပြီးတော့ ထိန်းချုပ်ရေးစခန်းအတွင်းမှာရှိတဲ့ ဆက်သွယ်ရေးကိရိယာတွေ၊ လုံခြုံရေးကိရိယာတွေ၊ လုပ်ငန်းသုံးပစ္စည်းများကို ဝင်ရောက်ဖျက်ဆီးသွားတာကို တွေ့ရပါတယ်။ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အချိန်မီ ထိန်းသိမ်းပြုပြင်ခဲ့ရပါတယ်။ နှစ်နိုင်ငံရဲ့ အကျိုးစီးပွားကို ထိခိုက်အောင်ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနေရာတွေမှာ လုံခြုံရေးတိုးမြှင့်ချထားပြီး လုံခြုံမှုရှိအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။ အလားတူပဲ လျှပ်စစ်ဓာတ်အားကဏ္ဍ ထိခိုက်အောင်လည်း ဆောင်ရွက်နေတာတွေ့ရပါတယ်။ KNU, PDF အကြမ်းဖက်အဖွဲ့တွေအနေနဲ့ သထုံဓာတ်ငွေ့ပိုက်လိုင်းကို ဒီလ ၁၆ ရက်နေ့မှာ ကရင်ပြည်နယ် ဘားအံ နောင်ကျန်အုပ်စု ဆယ်မိုင်ကုန်းအနီးမှာ မိုင်းထောင်ဖောက်ခွဲခဲ့ပါတယ်။ ဒါ့ကြောင့် သထုံဓာတ်အားပေးစက်ရုံကနေ ဓာတ်အားပေးနေရတဲ့ ဓာတ်အား ၃၀ မဂ္ဂါဝပ်လျော့နည်းပြီး ရန်ကုန်၊ ဘားအံ၊ သထုံ စတဲ့ နေရာတွေမှာ လျှပ်စစ်ဓာတ်အား လျော့နည်းမှုဖြစ်ခဲ့ပါတယ်။ ဒါကို ဒီလ ၁၈ ရက်နေ့မှာ အမြန်ဆုံးပြုပြင်ပြီး ဆောင်ရွက်ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်ကို ပေးပို့နေတဲ့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို မွန်ပြည်နယ်၊ သထုံ၊ ညောင်ချောင်းကျေးရွာ အနီးမှာ ဒီလ ၂၃ ရက်နေ့ ည ၇ နာရီခွဲလောက်မှာ မိုင်းထောင်ဖောက်ခွဲ ခဲ့ပါတယ်။ ရန်ကုန်ကို ပို့နေတဲ့ သဘာဝဓာတ်ငွေ့များ လျော့နည်းပြီး ရန်ကုန်ကို ပေးပို့နေတဲ့ လျှပ်စစ်ဓာတ်အား ၅၅ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ကြောင်း တွေ့ရပါတယ်။ အမြန်ပြုပြင်ရေး၊ လုံခြုံရေးဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအကြမ်းဖက်အဖွဲ့တွေအနေနဲ့ ပြည်သူလူထုကို ဖြန့်ဖြူးနေတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အဓိကကျတဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍကို အဓိကထားပြီး နောက်ပိုင်းမှာ တိုက်ခိုက်လာတာရှိပါတယ်။ တာဝါတိုင်များကို ဗုံးခွဲတိုက်ခိုက်တာတွေ၊ လျှပ်စစ်ဓာတ်အားခွဲ စက်ရုံတွေကို Drop Bomb နဲ့ လာချတာတွေ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွေကို ဖျက်ဆီးတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်အောင် လုပ်နေခြင်းဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေတာ မဟုတ်ဘဲနဲ့ ၎င်းတို့ရဲ့အကျိုးအတွက်၊ ၎င်းတို့ရဲ့ အာဏာရရှိရေး၊ လက်နက်စွဲကိုင်နိုင်ရေးအတွက်ကိုပဲ ဦးတည်ပြီး အတ္တကြီးစွာ ဆောင်ရွက်နေတဲ့သူတွေဖြစ်ပါတယ်။ ဒါတွေကို ပြည်သူလူထု တစ်ရပ်လုံးက သိရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့အတူ ပူးပေါင်းပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ ဒီနေ့မှာ တောင်ပိုင်းစစ်ဒေသကြီးမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှု စတင်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသလုံခြုံရေးအတွက် ဆောင်ရွက်တာဖြစ်ပါတယ်။

တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာ ယခင်ကတည်းကတိုင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နဲ့အညီ နှစ်ပေါင်းများစွာ ဆက်သွယ်ဆက်ဆံပြီး ဆောင်ရွက်လာတာ ဖြစ်ပါတယ်။ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အနေနဲ့လည်း နီးကပ်စွာ ဆက်ဆံဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံမှုရှိစေရေး၊ တရားဥပဒေစိုးမိုးရေးအတွက်

*စာမျက်နှာ ၁၃ သို့*





ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းအဆောက်အဦ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများ ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၂ မှ*

ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီသတင်းအပေါ်မှာလည်း ပြည်ဖျက်မီဒီယာများ၊ အနောက်နိုင်ငံက ထောက်ပံ့ပေးထားတဲ့ မီဒီယာများအနေနဲ့ သတင်းအမျိုးမျိုး ထုတ်လွှင့်ပြီး နှစ်နိုင်ငံကြားဆက်ဆံရေးများ မပြေမလည်ဖြစ်လာအောင် တွန်းအားပေးဆောင်ရွက်နေတာ များရှိပါတယ်။ ဒါတွေကို ပြည်သူလူထုတစ်ရပ်လုံးက သတိရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးသည် ဘယ်တော့မှ လျော့နည်းသွားမယ့်ဆက်ဆံရေးမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ နိုဝင်ဘာလ ၂၅ ရက်နေ့မှာတော့ နယ်စပ်ဒေသမှာ ဝင်ရောက်နေထိုင်နေတဲ့၊ တရားမဝင်နေထိုင်နေတဲ့ တရုတ် နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီး ၁၀၀ ဦး၊ စုစုပေါင်း ၈၁၅ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံကို ကျွန်တော်တို့ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ကျား ၇၂၆၆ ဦး၊ မ ၇၂၇ ဦး၊ စုစုပေါင်း ၇၉၉၃ ဦးကို လွှဲပြောင်းပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံထဲမှာ ရောက်ရှိနေတဲ့ မည်သည့်နိုင်ငံခြားသားမဆို ကျွန်တော်တို့အနေနဲ့ ကာကွယ်စောင့်ရှောက်ပေးရမယ့်တာဝန်ရှိပါတယ်။ သူတို့ရဲ့နေရပ်ပြန်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးကိစ္စများနဲ့ ဝင်ရောက်နေထိုင်သူများကို အမြန်လွှဲပြောင်းပေးနိုင်ရေး မြန်မာနိုင်ငံအစိုးရအနေနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့မှာ ထိတွေ့တိုက်ပွဲများအနေနဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဘက်မှာ နမ့်ခမ်းမှာရှိတဲ့ လုံခြုံရေးတပ်စခန်းကို MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ မနေ့ညကနေစပြီး အကြိမ်ကြိမ် အင်အားအလုံးအရင်းနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာရှိပါတယ်။ ထိခိုက်ကျဆုံးမှုများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်းတွေ့ရပါတယ်။ ကုန်းကြမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ တာရွှေထန်နားမှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိပါတယ်။ ဒ့ါအပြင် TNLA, AA အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ မန္တလေး–မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ကျင်သီတံတားနားမှာ



တပ်မတော်အနေနဲ့ လမ်းပန်းဆက်သွယ်မှု ပြန်လည်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေဖြစ်တဲ့ ရခိုင်ပြည်နယ် ထရွှန်အိုင်နဲ့နှန်းဘူးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိခဲ့ပါတယ်။ ပလက်ဝရဲ့ မြောက်ခြမ်းနေရာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ယခင်က ပြောခဲ့သလို အဓိကကအားဖြင့် ချင်းတိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဖြစ်ပါတယ်။ ဒီစခန်းနှစ်ခုသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းဖောက်လုပ်တဲ့နေရာမှာ အဓိကထားတဲ့ လုံခြုံရေးစခန်း ဖြစ်ပါတယ်။ AA အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ အိန္ဒိယနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်သွယ်ရေးလမ်းကြောင်းပွင့်လာမှာကို မလိုလားဘဲနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ရေလမ်းကြောင်းကိုသာ အဓိကထားဆက်သွယ်ရတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ နဝတ၊ နယက အစိုးရလက်ထက်မှာမှ ရခိုင်ပြည်နယ်ရဲ့ မြောက်ပိုင်းဒေသဖြစ်တဲ့ အမ်း၊ စစ်တွေ ဒေသကို ပြည်ထောင်စုလမ်းမကြီးဖောက်လုပ်ပြီး စတင်ဖွံ့ဖြိုးတိုးတက်စေခဲ့တာ ဖြစ်ပါတယ်။ ယခုအချိန်မှာတော့အိန္ဒိယနိုင်ငံနဲ့ ဆက်သွယ်တဲ့လမ်းကို အဓိကထား တိုက်ခိုက်နေတာဟာ AA က ရခိုင်ပြည်နယ်၊ရခိုင်ပြည်သူလူထုအပေါ်ထားရှိတဲ့ စေတနာလားလို့ပဲ မေးခွန်းထုတ်စရာဖြစ်တယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ဓာတ်ငွေ့ပိုက်လိုင်းအား အကြမ်းဖက်သမားများမှ မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ကောင်စီအစိုးရအနေနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်အတိုင်းပဲ ပြည်သူလူထုဘဝ တည်ငြိမ်အေးချမ်းရေး၊ တိုးတက်စေရေးကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ပြည်ထောင်စုစနစ်တည်ထောင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါတွေသည်ပင်လျှင် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် အာမခံနိုင်တဲ့အချက်တွေ ဖြစ်ပါတယ်။ ဒါတွေကိုပဲ အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးအနေနဲ့လည်း ပြည်သူ့အကျိုးစီးပွားကို တိုက်ရိုက်စော်ကားထိပါးလာတဲ့ အကြမ်းဖက်သောင်းကျန်းသူများရဲ့ လုပ်ရပ်တွေကို လက်မခံဖို့နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံ အမြန်ဆုံးတည်ငြိမ်အေးချမ်းလာအောင် ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## *နိုင်ငံတကာသတင်း*

# အစ္စရေးနှင့် ဟားမားစ်တို့ကြား လေးရက်ကြာ အပစ်အခတ်ရပ်စဲရေး ဒုတိယမြောက်နေ့ ရောက်လာ

## အစ္စရေး ဓားစာခံ ၁၄ ဦးနှင့် ထိန်းသိမ်းခံထားရသည့် ပါလက်စတိုင်း ၄၂ ဦးကို လဲလှယ်လွှတ်ပေးသွားဖွယ်ရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၂၅**

အစ္စရေးနှင့် ဟားမားစ်တို့ကြား လေးရက်ကြာ အပစ်အခတ်ရပ်စဲရေးမှာ နိုဝင်ဘာ ၂၅ ရက်တွင် ဒုတိယမြောက်နေ့သို့ ရောက်ရှိလာပြီး နှစ်ဖက်စလုံးက ဓားစာခံများနှင့်အကျဉ်းသားများ ထပ်မံလွှတ်ပေးဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။

နိုဝင်ဘာ ၂၄ ရက်တွင် ပါလက်စတိုင်းအစ္စလာမ္မစ်အဖွဲ့ ဟားမားစ်က အစ္စရေးနိုင်ငံသား ၁၃ ဦးအပါအဝင် ဓားစာခံ ၂၄ ဦးကို လွှတ်ပေးခဲ့သည်။ အပြန်အလှန်အားဖြင့် အစ္စရေးကလည်း အကျဉ်းကျခံနေရသော ပါလက်စတိုင်း အမျိုးသမီးနှင့် ကလေးငယ် ၃၉ ဦးကို လွှတ်ပေးခဲ့ကြောင်း သိရသည်။

အစ္စရေး ဓားစာခံ ၁၄ ဦးနှင့် ထိန်းသိမ်းခံထားရသည့် ပါလက်စတိုင်း ၄၂ ဦးကို နိုဝင်ဘာ ၂၅ ရက်တွင် လဲလှယ်လွှတ်ပေးသွားဖွယ်ရှိကြောင်း အစ္စရေးအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီ သတင်းအေဂျင်စီအပါအဝင် အခြားသော မီဒီယာများတွင် ဖော်ပြထားသည်။

ဟားမားစ်တို့အနေဖြင့် ဒုတိယအကြိမ်မြောက် ဓားစာခံလွှတ်ပေးမှုကို နိုဝင်ဘာ ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် စတင်သွားဖွယ်ရှိကြောင်း အစ္စရေးအာဏာပိုင်များက မျှော်လင့်ထားသည်ဟု အစ္စရေးမီဒီယာက ဆိုသည်။

ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော ၁၃၇ စီးပါ ယာဉ်တန်းကို အောက်တိုဘာ ၇ ရက်နောက်ပိုင်း ဂါဇာကမ်းမြောင်သို့ ဝင်ရောက်သည့် အကြီးမားဆုံးလူသားချင်းစာနာထောက်ထားမှု ယာဉ်တန်းဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (အိုစီအိတ်ချ်အေ)က နိုဝင်ဘာ ၂၄ ရက်တွင် ပြောသည်။

သို့သော်လည်း ထောက်ပံ့ကယ်ဆယ်ရေးပစ္စည်းများကို လူပေါင်းမည်မျှ သုံးစွဲနိုင်မည်လဲဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ မိသားစုများကို တွေ့ဆုံရန် သို့မဟုတ် တစ်ကိုယ်ရေသုံးပစ္စည်းများ



ကို ယူဆောင်ရန် နေအိမ်များသို့ ပြန်လာသော ပါလက်စတိုင်းနေရပ်စွန့်ခွာသူအချို့ကို မြင်တွေ့ရကြောင်း သိရသည်။ ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် ခိုလှုံနေကြသူများကို မြောက်ပိုင်းဒေသများဆီ မပြန်ကြရန် အစ္စရေးတပ်ဖွဲ့ဘက်က သတိပေးပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်၌ ဆိုင်ကလုန်းဒဏ်ခံ စင်တာပေါင်း ၁၂၀ ကျော် ထပ်မံတည်ဆောက်မည်

**ဒါကာ နိုဝင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မုန်တိုင်းအန္တရာယ်နှင့် ကြုံတွေ့နေရသည့် လူမှုအသိုင်းအဝိုင်းများကို အကာအကွယ်ပေးရန် ကမ်းရိုးတန်း ၁၃ ခုတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံစင်တာပေါင်း ၁၂၀ ကျော်ကို ထပ်မံတည်ဆောက်သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၇ ခုနှစ် ဒီဇင်ဘာလအတွင်း မုန်တိုင်းဒဏ်ခံစင်တာများကို တည်ဆောက်သွားမည်ဖြစ်ပြီး သဘာဝဘေးစီမံခန့်ခွဲမှုဌာန၏ ကွပ်ကဲမှုအောက်တွင် တည်ဆောက်သွားမည်ဖြစ်သည်။ အစိုးရထံမှလည်း ရန်ပုံငွေအပြည့်အဝရရှိမည်ဟု နိုဝင်ဘာ ၂၅ ရက်တွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၂၂ ခုနှစ် တစ်ကမ္ဘာလုံးဆိုင်ရာဘေးအန္တရာယ်အစီရင်ခံစာအရ နိုင်ငံပေါင်း ၁၉၂ နိုင်ငံတွင် အဆင့် ၉ ဖြစ်ပြီး အာရှနိုင်ငံများတွင်မူ အဆင့် ၅ ဖြစ်သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှုဌာန အတွင်းရေးမှူး ဖီရော့အူဒင်က ပြောသည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ ၃၅ သန်းမှာ ကမ်းရိုးတန်းနှင့် အခြားသောဆိုင်ကလုန်းမုန်တိုင်းဖြစ်ပွားလေ့ရှိသောခရိုင် ၁၇ တွင် နေထိုင်သည်ဟု ၎င်းက ပြောသည်။

အဆိုပါပမာဏမှာ ဘင်္ဂလားဒေ့ရှ် လူဦးရေ၏ ငါးပုံတစ်ပုံရှိသည်။ ကမ်းရိုးတန်းဒေသရှိ ဒေသခံများ ဘေးအန္တရာယ်လျော့ပါးစေရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် မုန်တိုင်းဒဏ်မှ ခိုလှုံရာနေရာပေါင်း ၂၀၀၀ နှင့် သဘာဝဘေးဒဏ်ခံ နေအိမ်ပေါင်း ၁၀၁၃၀ ကို အစိုးရက ဆောက်လုပ်ပေးခဲ့သည်ဟု ၎င်းက ပြောသည်။

သို့သော်လည်း ကမ်းရိုးတန်းတွင် နေထိုင်ကြသည့် ဒေသခံများ၏ နေအိမ်များနှင့်၎င်းတို့၏ ကျွဲနွားတိရစ္ဆာန်များမှာ ဆိုင်ကလုန်းမုန်တိုင်း၏ ဆိုးရွားသောသက်ရောက်မှုကို ခံစားနေရဆဲဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများပို့လွှတ်သည့် ပိုက်လိုင်းစီမံကိန်းအား နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၅**

TNLA အဖွဲ့နှင့် PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သမားများသည် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်လျက်ရှိသည့် ပိုက်လိုင်းတွင် အဓိကကျသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ဇီပင်ကျေးရွာအနီးရှိ ထိန်းချုပ်ရေးစခန်းအား TNLA အကြမ်းဖက်သမားများက နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ဝင်ရောက်နေထိုင်ခဲ့ပြီး ထိန်းချုပ်ရေးစခန်းရှိ ထိန်းချုပ်ရေးပစ္စည်းများထိခိုက်စေရန်ရည်ရွယ်၍ ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ ပို့လွှတ်ခဲ့ရာတွင် ထိခိုက်မှုရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









ဖျက်ဆီးခံရသည့် ရေနံဓာတ်ငွေ့ထိန်းချုပ်ရေးစခန်း တည်နေရာပြမြေပုံ




ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းအဆောက်အဦ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများ ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။







ရေနံပိုက်လိုင်းထိန်းချုပ်ရေးစခန်းအဆောက်အဦ၏ အတွင်းအပြင်ရှိ လုပ်ငန်းသုံးပစ္စည်းများ ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။





❊ *ကျော်ဖုံးမှ*

ပွဲချိန် ၂၇ မိနစ်တွင် မန်စီးတီးအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အသင်းအဓိက တိုက်စစ်ကစားသမား ဟာလန်းက သွင်းယူနိုင်ခဲ့သည်။ ၎င်း၏ အဆိုပါ သွင်းဂိုးသည် ပရီမီယာလိဂ်တွင် သွင်းဂိုး ၅၀ မြောက်ကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဟာလန်းသည် ပရီမီယာလိဂ်တွင် ပွဲအနည်းဆုံး ၄၈ ပွဲဖြင့် သွင်းဂိုး ၅၀ အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လီဗာပူးအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ မိနစ် ၈၀ တွင် ရရှိခဲ့ပြီး ဆာလာ၏ ဖန်တီးမှုကို အလက်ဇန္ဒြား အာနိုးက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် သွင်းဂိုးရရှိရေး လူစားလဲမှုများပြုလုပ်လာသော်လည်း နှစ်ဖက်စလုံး ထပ်မံသွင်းယူနိုင်ခြင်းမရှိသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ် သရေကျမှုကြောင့် မန်စီးတီးအသင်းက ၁၃ ပွဲကစားပြီး ကိုးပွဲနိုင်၊ နှစ်ပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ် ရရှိထားသည်။ ပြိုင်ဘက် လီဗာပူးအသင်းက ၁၃ ပွဲကစားပြီး ရှစ်ပွဲနိုင်၊ လေးပွဲသရေနှင့် တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

**အောင်ဇော်**

# အကြမ်းဖက်သမားများက စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပြည်သူများအသုံးပြုလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများအား လျှော့နည်း၍ ဖြန့်ဖြူးပေးခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၂၅** အကြမ်းဖက်သမားများအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီခွဲခန့်တွင် အကြမ်းဖက်သမားများက ရန်ကုန်မြို့မှ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများသို့ ပို့လွှတ်ရန် သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား မွန်ပြည်နယ် သထုံမြို့နယ် ညောင်ချောင်း ကျေးရွာအနီး အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပိုက်လိုင်း ပေါက်ကွဲပျက်စီးခဲ့သည်။

အဆိုပါ ပိုက်လိုင်းပေါက်ကွဲပျက်စီးမှုကြောင့် ရန်ကုန်မြို့ရှိ လှော်ကား ဓာတ်အားပေးစက်ရုံသည် ရပ်တန့်ခဲ့ရသဖြင့် ၅၅ မဂ္ဂါဝပ်ဆုံးရှုံးခဲ့ရပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု ကျဆင်းခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ပြည်သူများ အသုံးပြုရန်အတွက် လျှပ်စစ်ဓာတ်အားကို လျှော့နည်း၍ ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့် နေရာ တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြိုင်ကလေး ဓာတ်ငွေ့ ထိန်းဖြန့်စခန်းမှ တစ်ဆင့် Gas Turbine(သထုံ) သို့ ဓာတ်ငွေ့ ပို့လွှတ်လျက်ရှိသော ပိုက်လိုင်းအား နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်ကျန်အုပ်စု ဆယ်မိုင်ကုန်း ကျေးရွာအနီးတွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ပိုက်လိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ပိုက်လိုင်းပေါက်ကွဲမှုကြောင့် Gas Turbine(သထုံ) သည် ရပ်ဆိုင်းခဲ့ရသဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကျဆင်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ မော်လမြိုင်မြို့နယ်နှင့် သထုံမြို့နယ်တို့ရှိ ဒေသများမှ ပြည်သူများထံသို့ လျှပ်စစ်ဓာတ်အားကို လျှော့နည်း၍ ဖြန့်ဖြူးခဲ့ရသည်။ ပိုက်လိုင်းပျက်စီးခဲ့သည့်နေရာသို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများက ကွဲအက်သည့်ပိုက်လိုင်းများအား အမြန်ဆုံး ပြုပြင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၈ ရက်တွင် ပြန်လည်ဆောင်ရွက်ပြီးစီးခဲ့သဖြင့် Gas Turbine(သထုံ) သို့ ဓာတ်ငွေ့များ ပုံမှန်အတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ စစ်ရေးနှင့်မသက်ဆိုင်သည့် အကြမ်းဖက် လုပ်ရပ်များကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြိုင်ကလေး – သထုံ– ဘီးလင်း ၁၄/၁၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား အကြမ်းဖက်သမားများမှ မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ



မြိုင်ကလေး – ရန်ကုန် ၂၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား အကြမ်းဖက်သမားများမှ မိုင်းထောင်ဖောက်ခွဲခဲ့သည့် တည်နေရာပြမြေပုံ













❖ *ကျော့ဖုံးမှ*

နိုဝင်ဘာ ၂၄ ရက်တွင် နေပြည်တော် – ရန်ကုန် အစုန်အထူးရထား၊ ရန်ကုန်–ပြည်–ရန်ကုန် အစုန်/အဆန်အထူးရထား၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန် အစုန်/အဆန် အထူးရထားများကို ပြေးဆွဲပေးခဲ့ပြီး ယနေ့တွင် ရန်ကုန် – မော်လမြိုင် – ရန်ကုန် အစုန်/ အဆန်အထူးရထား၊ ရန်ကုန် – ပြည် – ရန်ကုန် အစုန်/အဆန်အထူးရထားများ ဆက်လက်ပြေးဆွဲပေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန် – မော်လမြိုင် – ရန်ကုန် အစုန်/ အဆန်အထူးရထား၊ ရန်ကုန် – ပြည် – ရန်ကုန် အစုန်/အဆန်အထူး ရထားများကို လည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်–နေပြည်တော် အဆန်အထူးရထား၊ ရန်ကုန် – ပြည် – ရန်ကုန် အစုန်/အဆန် အထူးရထားနှင့် ရန်ကုန် – မော်လမြိုင် – ရန်ကုန် အစုန်/အဆန် အထူး ရထားများကိုလည်းကောင်း တန်ဆောင်တိုင်ရုံးပိတ်ရက်ပြီးဆုံး၍ ခရီးသွားမိဘပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုများ မိမိတို့နေရပ်သို့ အဆင်ပြေစွာ ပြန်လည်ခရီးသွားလာနိုင်ရန်အတွက် ထပ်မံပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ရထားပြေးဆွဲပေးမှုအပေါ် ခရီးသွားပြည်သူများက သဘောကျ နှစ်သက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီး၏ ပုံမှန်စစ်ရေးလေ့ကျင့်မှုအား တရုတ်-မြန်မာနယ်စပ်ဒေသတွင် နိုဝင်ဘာလ ၂၅ ရက်နေ့၌ လုပ်ဆောင်သွားမည့်အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တောင်ပိုင်းစစ်ဒေသကြီးရဲ့ ပုံမှန်စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလ ၂၅ ရက်နေ့မှာ စတင်လုပ်ဆောင်မှာဖြစ်ပါတယ်။ လုပ်ဆောင်မယ့်နေရာကတော့ တရုတ် – မြန်မာနိုင်ငံနယ်စပ်ဒေသမှာ ဖြစ်ပါတယ်။ လုပ်ဆောင်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်မြေဒေသလုံခြုံအေးချမ်းရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်တယ်ဆိုတာကို မြန်မာနိုင်ငံဘက်ကို အကြောင်းကြားလာပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံရဲ့မူဝါဒအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူဝါဒအပေါ်မှာ ရပ်တည်လျက်ရှိပြီးတော့ မြန်မာ့တပ်မတော်နဲ့အတူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အမြဲတမ်းလက်တွဲဆောင်ရွက်သွားမှာဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံနဲ့အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို လိုက်နာပြီး နေထိုင်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်ရေရဲ့ ရေတပ်စစ်သင်္ဘောများလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး မကြာခင်မှာ လာရောက်လည်ပတ်ဖို့ရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံတပ်မတော်ချင်း ပူးပေါင်းဆောင်ရွက်မှုက ခိုင်မြဲလျက်ရှိကြောင်းနဲ့ ချစ်ကြည်ရင်းနှီးစွာ တည်ဆောက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရွာအချို့တွင် ပြည်သူ့စစ်အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀ ကောက်နေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းရှိ ကျေးရွာတချို့တွင် နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ပြည်သူ့စစ် ထောက်ပံ့ကြေး အတွက်ဆိုပြီး တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀ ထည့်ရန် အုပ်ချုပ်ရေးအဖွဲ့များက အသံချဲ့စက်ဖြင့် အသိပေးခဲ့ပြီး မဖြစ်မနေထည့်ဝင်ရမည်ဆိုကာ ခြိမ်းခြောက်သွားကြောင်း၊ ဒေသခံများကို နည်းလမ်းမျိုးစုံဖြင့် ငွေကြေးရယူမှုများ မကြာခဏ လုပ်နေကြောင်း၊ ကဝမြို့ဒေသခံများ၏ ပြောကြားချက်အရ သိရှိရကြောင်း၊ မဟုတ်/မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက **"လုပ်ကြံသတင်းသာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ရိုးသားသည့် စိတ်ဓာတ်ကို အခြေခံအသုံးချပြီး အထင်အမြင်လွဲမှားမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းတုထုတ်လွှင့်ခြင်းသာ ဖြစ်ကြောင်း"** ၎င်း၏ ပြောကြားချက်အရ သိရှိရသည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်မှုအားပေး ပြည်ဖျက်မီဒီယာအချို့သည့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို နည်းလမ်းမျိုးစုံအသုံးပြု၍ ဖြန့်ဝေရေးသားလျက်ရှိပြီး ပြည်သူများ စိုးရိမ်ထိတ်လန့်ပူပန်မှုများဖြစ်ပေါ်စေရန်နှင့် သက်ဆိုင်ရာအုပ်ချုပ်ရေး တာဝန်ထမ်းဆောင်နေသူများအပေါ် ကြောက်ရွံ့မုန်းတီးပြီး အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် သတင်းတု၊ သတင်းအမှားများ ဖန်တီးရေးသားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်မှ တပ်ဖွဲ့ဝင်များက လက်နက်များယူဆောင်၍ ထွက်ပြေးသွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ သန်လျင်ရေတပ်စခန်းဌာနချုပ်မှ တပ်ဖွဲ့ဝင် ၁၇ ဦးက လက်နက်အချို့ယူဆောင်ပြီး တပ်မှထွက်ပြေးသွားကြောင်း ကောလာဟလသတင်းများ လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ တပ်ဖွဲ့ဝင် ၁၇ ဦး တပ်မှထွက်ပြေးခြင်း မရှိကြောင်း တပ်တွင်းအခိုင်အမာ သတင်းများအရ သိရှိရပြီး ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည့် လုပ်ကြံသတင်းများသာဖြစ်ပြီး နိုင်ငံတော်တာဝန်များကို တာဝန်ကျေပွန်စွာထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အများပြည်သူများ ထင်ယောင်ထင်မှား ဖြစ်လာစေရန်နှင့် တပ်တွင်းစည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေရန် ဝါဒဖြန့်ရေးသားမှုသက်သက်သာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ တတိယဆုရရှိသည့် စာရေးဆရာ မောင်ယဉ်လှိုင်း (ပျဉ်းမငြိုင်) ၏ "မြန်မာမှုနယ်မှ ပလ္လင်အလှ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

"မြန်မာမှုနယ်မှ ပလ္လင်အလှ" စာအုပ်တွင် လောကအရေး၊ ဓမ္မအရေးနှစ်ခုစလုံးနှင့် ဆက်ဆံပတ်သက်နေသော မြန်မာမှုအနုပညာစစ်၊ ရိုးရာအမွေအနှစ်အဖြစ် မြန်မာ့ပလ္လင်များအကြောင်းကို စာပေအထောက်အထား၊ ကျမ်းအကိုးအကားများစွာဖြင့် အခန်းစဉ် (၁၂) ခန်းခွဲကာ မှီငြမ်းပြုစုထားပါသည်။ ပလ္လင်များကိုဖော်ပြရာ၌ နတ်မင်းတို့ထိုင်သော ပလ္လင်ကို "ဒိဗ္ဗပလ္လင်"၊ နဂါးမင်းတို့ထိုင်သော ပလ္လင်ကို "နာဂပလ္လင်"၊ လူမင်းတို့ထိုင်သော ပလ္လင်ကို "ရာဇပလ္လင်"၊ တရားဟောဓမ္မကထိက ထိုင်သော ပလ္လင်ကို "ဓမ္မပလ္လင်" စသည်ဖြင့် ပလ္လင်အမျိုးမျိုးကို ဖော်ပြထားပြီး ပလ္လင်တော်ဆိုင်ရာဝိဝါဒများ၊ ပလ္လင်နှင့် ကဗျာအဖွဲ့များ၊ ပလ္လင်လှူဒါန်းရခြင်း၏ အကျိုးကျေးဇူး၊ ပလ္လင်နှင့်ပတ်သက်သော ထူးခြားသည့် အဖြစ်အပျက်များ၊ စကားပလ္လင်ခံသည်၊ တရားပလ္လင်ခံသည်ဟူသော ပလ္လင်နှင့်ပတ်သက်သည့် ဝေါဟာရများ စသည်ဖြင့် ဝေဝေဆာဆာဖော်ပြထားပါသည်။ ထို့ပြင် ပလ္လင်နှင့်ပတ်သက်သော ပန်းချီများ၊ ဓာတ်ပုံမှတ်တမ်းများနှင့် ကျမ်းကိုးစာရင်းပါ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖော်ပြထားသည့်အပြင် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံး၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံများ မပျောက်ပျက်စေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထောက်အကူပြုနိုင်စွမ်းရှိသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

**ဆက်သွယ်ဝယ်ယူနိုင်**

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၃၅၀၀ ဖြင့် အမှတ် (၅၂၉ – ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)၊ အမှတ် (တ– ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉– ၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရား နည်းပညာပြပွဲ၊ တန်ဆောင်တိုင် ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်တွင် အများပြည်သူ လာရောက်ကြည့်ရှု ဝယ်ယူသူများဖြင့် စည်ကားများပြား

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၃ ခုနှစ် စက်မှုထုတ်ကုန်ပစ္စည်း၊ စက်ယန္တရားနည်းပညာပြပွဲ၊ တန်ဆောင်တိုင်ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

တန်ဆောင်တိုင် ဈေးရောင်းပွဲနှင့် မီးထွန်းပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ MSME စက်မှုလုပ်ငန်းများ၊ စက်မှုထုတ်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် မြို့နယ်ပေါင်းစုံမှ နာမည်ကြီး စားသောက်ဆိုင်များကို ဆိုင်ခန်းပေါင်း ၅၃၃ ခန်းဖြင့် ယနေ့မှ နိုဝင်ဘာ ၂၇ ရက်အထိ ပြသရောင်းချမည်ဖြစ်ရာ ပွဲတော်ရက်များသည် အများပြည်သူ ပိတ်ရက်များဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ အပါအဝင် ပြည်သူများလာရောက်ဝယ်ယူအားပေးကြသဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ပွဲတော်ရက်အတွင်း နေ့စဉ် E-sport ဂိမ်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးမှုများ၊ ဟာသနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်နယ်ပယ်များမှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေမှုများ၊ DJ ၊ Dancer အကများဖြင့် ဖျော်ဖြေမှုများကို အားပါးတရ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် တာဝန်ရှိသူများနှင့် လာရောက်ကြည့်ရှုသူများ၏ စကားသံများကိုလည်း စုစည်းဖော်ပြလိုက်ပါသည်။


ဦးမျိုးမြင့်အောင်


ဒေါက်တာဌေးလွင်


ဦးမြင့်ဝင်း


ဦးစိုးမင်းအောင်

**ဦးမျိုးမြင့်အောင်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး**

ဒီတန်ဆောင်တိုင်ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီမှာ ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ မနှစ်ကစပြီး ပြည်သူ့ရင်ပြင်ထဲမှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသဖြင့် ဈေးရောင်းပွဲတော်တွေကို နှစ်စဉ်ဆောင်ရွက်မယ်ဆိုပြီး ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်အရ ပြီးခဲ့တဲ့သီတင်းကျွတ်မှာလည်း ပွဲဆောင်ရွက်ပြီးဖြစ်ပါတယ်။ အခု တန်ဆောင်တိုင်မှာလည်း အဓိကကတော့ MSME ထုတ်ကုန်တွေ ဈေးကွက်ရရှိရေးအတွက် ရည်ရွယ်ချက်ထားပြီး ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်ရင်းနဲ့ ပွဲတိုင်း ပွဲတိုင်းမှာ အထူးပရိုမိုးရှင်း အနေနဲ့ တစ်ခုပြီး တစ်ခုထည့်တာပါ။ မိုးရာသီတုန်းက EV လျှပ်စစ်ကားပေ့ါ။ ထုတ်ကုန်ပစ္စည်းရောင်းပွဲအပြင် လျှပ်စစ်ကား ထည့်တယ်။ ပြီးခဲ့တဲ့သီတင်းကျွတ်မှာ ရေထွက်ကုန်ပစ္စည်းတွေ၊ ဒီတစ်ပတ်မှာ ထူးထူးခြားခြား Super Seven Stars ကုမ္ပဏီကနေပြီး စက်ပစ္စည်းတွေ၊ နည်းပညာတွေကိုပြတာပါ။ နိုင်ငံပေါင်း ၁၁ နိုင်ငံက ကုမ္ပဏီပေါင်း ၃၀၀ ထုတ်လုပ်တဲ့ ပစ္စည်းတွေကိုပြတဲ့ ပြခန်းတွေပါတယ်။ Authentic ကုမ္ပဏီကနေပြီး ရေပိုက်တွေ၊ ရေတိုင်ကီတွေ၊ ပြည်တွင်းထုတ်နေတဲ့ ကမ္ဘာ့အဆင့်မီ ပစ္စည်းတွေကိုပြတာပေ့ါ။ ဒါတွေကို ဒီတစ်ပတ် တန်ဆောင်တိုင် ဈေးရောင်းပွဲတော်မှာ ထူးထူးခြားခြား ထည့်သွင်းပြသတာပါ။

MSME Product ရောင်းတဲ့ဆိုင်ခန်းပေါင်း ၃၆၂ ခန်း၊ ကျန်တဲ့စားသောက်ကုန်လှည်းလေးတွေအပါ ၁၇၁ ခန်း၊ စုစုပေါင်း ၅၃၃ ခန်းဖြစ်ပါတယ်။ E-sport ဂိမ်းတွေကို ဈေးရောင်းပွဲတော်တိုင်းမှာ လူငယ်တွေအတွက် ရည်ရွယ်ပြီး ထည့်သွင်းထားပါတယ်။ ဒီတစ်ပတ်မှာ အမျိုးသမီးတွေအတွက်ပါ ပြိုင်ပွဲထည့်သွင်းထားပါတယ်။ အဖွဲ့လိုက်ပထမဆုဆိုရင် သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆုက ၁၀ သိန်းပေ့ါ။ အဲဒီအပြင် ဂိမ်းထဲမှာပါတဲ့ အကောင်လေးတွေနဲ့ သဏ္ဌာန်တူ သရုပ်ဆောင်ပြိုင်ပွဲလည်း ထည့်သွင်းထားပါတယ်။ ဒီနေ့ညမှာ ဟာသ၊ သဘင်၊ ရုပ်ရှင်၊ ဂီတ၊ နာမည်ကျော်သရုပ်ဆောင်တွေနဲ့၊ အဆိုတော်တွေနဲ့ ညနေ ၆ နာရီကနေ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေဖို့ရှိပါတယ်။ DJ တို့၊ Dancer တို့အပါပေ့ါ။ မနက်ဖြန်နဲ့ သန်ဘက်ခါကျရင် နံနက် ၁၁ နာရီကနေ စပြီး စတိတ်ရှိုးပါမယ်၊ ညနေ ၅ နာရီအထိ။ ညပိုင်းကျရင် ညနေ ၆ နာရီကနေ ည ၁၀ နာရီခွဲအထိ ဖျော်ဖြေရေးအစီအစဉ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

မီးရှူးမီးပန်းက မနက်ဖြန်နဲ့ သန်ဘက်ခါပေ့ါ၊ အဖိတ်နဲ့ လပြည့်ည နှစ်ရက်မှာ အရင်သီတင်းကျွတ်ပွဲလို မီးရှူးမီးပန်းဖောက်မှာဖြစ်ပါတယ်။ ပိတ်ရက်တွေ ဖြစ်တဲ့အတွက်ပြည်သူလူထုအားလပ်ရက်လည်းဖြစ်တယ်၊ ဒီမှာလာရောက် အပန်းဖြေလို့ရတယ်။ ကုန်ပစ္စည်းတွေအပြင် အစားအသောက်ဆိုင်တွေ၊ ဒီတစ်ပတ်မှာ တွန်းလှည်းလေးတွေနဲ့ရောင်းချတဲ့ အစားအသောက်ဆိုင်လေးတွေကိုလည်း ထည့်သွင်းထားတာဖြစ်တဲ့အတွက် အစုံပါမှာပါ။ မြို့နယ်ပေါင်းစုံက နာမည်ကြီးတဲ့ ဝက်သားတုတ်ထိုး၊ ဒိန်ချဉ်ကအစ ပါတယ်။ လာရောက်စားသုံးကြပါ၊ ဖျော်ဖြေပွဲတွေလည်း လာရောက်ဆင်နွှဲလို့ရတယ်။ လူငယ်တွေဆိုရင် E-sport ဂိမ်းတွေ ပါဝင်ယှဉ်ပြိုင်လို့ရပါတယ်။ ညဘက် ၁၀ နာရီခွဲ မိုးချုပ်တယ်ဆိုပေမယ့် မြို့နယ်အသီးသီးပြန်ဖို့အတွက် ပြီးခဲ့တဲ့ သီတင်းကျွတ် ဈေးရောင်းပွဲတော်လို လိုင်းကားတွေ အဆင်ပြေအောင်စီစဉ်ထားပါတယ်။ စတုဒိသာလည်း ကျွေးဖို့ အစီအစဉ်ရှိတယ်။ ဒံပေါက်က မနက်/ ည၊ မနက်ဖြန်မှာ ဒံပေါက်အပြင် ကြက်ဆီထမင်းလည်းကျွေးမှာပါ။

**ဒေါက်တာဌေးလွင်**
**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး**

ကျွန်တော်တို့ ဒီတန်ဆောင်တိုင် ဈေးရောင်းပွဲတော်ကြီးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေး ဆပ်ကော်မတီဆိုပြီး ဖွဲ့ပေးထားပါတယ်။ အဖွဲ့ထဲမှာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီရဲ့ ကျန်းမာရေးကော်မတီ အဖွဲ့ရယ်၊ တိုင်းရင်းဆေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့ ဆိုပြီး အဖွဲ့လေးဖွဲ့နဲ့ပူးပေါင်းပြီး ဒီပွဲတော်ကို လာရောက်ကြမယ့် ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေတာ ဖြစ်ပါတယ်။ ဒီပွဲတော်လာပြည်သူတွေ ဖျားတာ၊ နာတာ၊ တခြားကျန်းမာရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေရှိရင် အနောက်တိုင်းဆေးပညာနဲ့ ကျန်းမာရေးဌာနက ကုသမှုပေးပါတယ်။ ကျန်းမာရေးအဖွဲ့ အနေနဲ့လည်း ဒီအခမ်းအနားကျင်းပတဲ့ နေရာမှာ ကြိုတင်ပြင်ဆင်မှုတွေ၊ ကူးစက်ရောဂါတွေ မဖြစ်ပွားအောင် ဆေးဖျန်းတာတွေကိုလည်း ဆောင်ရွက်ပါတယ်။ အနောက်တိုင်းဆေးပညာအပြင် တိုင်းရင်းဆေးပညာ အဖွဲ့အနေနဲ့လည်း လိုအပ်တဲ့ တိုင်းရင်းဆေးနည်းပညာနဲ့ ကုသမှုတွေလုပ်ပေးပါတယ်။ နောက် အရေးပေါ်ဖြစ်ပွားခဲ့ရင် လူနာတွေ ကယ်ဖို့အတွက် ကြက်ခြေနီတပ်ဖွဲ့လည်း ပါပါတယ်။ ကြက်ခြေနီတပ်ဖွဲ့ဝင် ၅၀နဲ့ ဆောင်ရွက်ပါတယ်။ ဆေးရုံပို့ရမယ် ဆိုရင်လည်း ကြက်ခြေနီလူနာတင်ကားနဲ့ တိုင်းကျန်းမာ လူနာတင်ကား စုစုပေါင်း နှစ်စီးနဲ့ အဆင်သင့်ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် လိုအပ်လို့ ဆေးရုံတွေမှာ ကုရမယ်ဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနဲ့ ဂျပန်ဆေးရုံသစ်ကြီးမှာ အရေးပေါ် ကုသနိုင်ရေးအတွက် ၂၄ နာရီ ဆရာဝန်တွေ ဂျူတီချထားပြီး ဒီပွဲတော်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျပြင်ဆင်ထားရှိပါတယ်။

**ဦးမြင့်ဝင်း(Manufacturing Director – Super Seven Stars Industrial Development Co., Ltd.)**

အခုပွဲတော်မှာ ပြခန်း ၁၅ ခုရှိပါတယ်။ အများစုကတော့ စက်မှုနဲ့ပတ်သက်တဲ့ ထုတ်ကုန်တွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အဖျော်ယမကာတွေ၊ ဆေးပိုင်းဆိုင်ရာတွေ တော်တော်များပါတယ်။ ကုမ္ပဏီပေါင်း ၃၂ ခုရှိပါတယ်။ SKU က ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းပေါင်း ၂၀၀ ကျော်ကို တည်ခင်းပြသထားပါတယ်။ အစားအသောက်နဲ့ အဖျော်ယမကာပေါင်းစုံပါတယ်။ မိသားစုတွေမှာ Home Care အတွက် မရှိမဖြစ်လိုအပ်တဲ့ပစ္စည်းတွေပါတယ်။ ပေါင်ဒါ၊ ဆပ်ပြာစသဖြင့်ပေ့ါ။ ဒီဘက်မှာဆိုရင် ကော်ဖီမစ်တွေ၊ Snack တွေ၊ ဆေးပိုင်းဆိုင်ရာ၊ ဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ခေါက်ဆွဲထုတ်တဲ့ နည်းပညာတွေ၊ ဟင်းချက်ဆီထုတ်လုပ်တာတွေပါတယ်။ ဟင်းချက်ဆီကို ထုတ်လုပ်နိုင်ဖို့အတွက် အပင်စိုက်ပျိုးတဲ့နည်းစနစ်တွေကအစ မလေးရှားက Simedarby ကုမ္ပဏီနဲ့ချိတ်ဆက်ပြီး ပြခန်းတွေပြသထားတယ်။

ကျွန်တော့်အနေနဲ့ ပြောချင်တာက နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရေးကြီးဆုံးတစ်ချက်က ပြည်ပကတင်သွင်းမှုတွေကို လျှော့ချနိုင်ရမယ်။ လျှော့ချနိုင်မယ့်နည်းလမ်းက ကိုယ့်ဆီမှာရှိတဲ့ ကုန်ကြမ်းပစ္စည်းကို အခြေခံပြီး စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို တန်ဖိုးမြင့်ကုန်ပစ္စည်းတွေ ထုတ်လုပ်မယ်။ အဲဒီလို ထုတ်လုပ်တဲ့အခါမှာ သွင်းကုန်တွေကို ကျွန်တော်တို့ လျှော့ချနိုင်မယ်။ နိုင်ငံခြားကတင်သွင်းပြီဆိုရင် ဒေါ်လာနဲ့ဝယ်ရတယ်။ အဲဒီလိုလျှော့ချခြင်းဖြင့် နိုင်ငံခြားငွေချွေတာနိုင်တယ်။ တော်တော်ကြီး Saving လုပ်နိုင်တယ်။ တကယ်လို့သာ စံချိန်မီဒီပစ္စည်းတွေကို ထုတ်နိုင်မယ်ဆိုရင် နိုင်ငံခြားကို Carrefour Network နဲ့တည်ဆောက်ပြီး နိုင်ငံတကာကိုပို့လို့ရတယ်။ အဲဒီအခါ နိုင်ငံတကာငွေကို ကျွန်တော်တို့ ရှာဖွေလို့ရတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ကျွန်တော်တို့ မြန်မာပြည်ကြီး ခေတ်မီနည်းပညာနဲ့ တိုးတက်နိုင်အောင်ဆိုပြီး ရည်ရွယ်ချက်နဲ့ ပြခန်းလေးကို ပြရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဖြစ်နိုင်ရင် MSME ပညာ လုပ်ငန်းရှင်တွေ လာရောက်လေ့လာပါလို့ ဖိတ်ကြားလိုပါတယ်။

**ဦးစိုးမင်းအောင်**
**ပြည်သူတစ်ဦး**

ဒီနေ့ကတော့ တန်ဆောင်တိုင်နဲ့ ပတ်သက်ပြီး ပြည်သူ့ဥယျာဉ်မှာ ဈေးရောင်းပွဲတော် လုပ်တဲ့အတွက် ကျွန်တော် ဒီနေ့ ဒီနေရာကိုရောက်တယ်ပေ့ါ။ ရောက်တာကလည်း တခြားအကြောင်းတော့ရှိပါတယ်။ ကျွန်တော် ငယ်ငယ်က တက်ခဲ့တဲ့ကျောင်း အ.ထ.က (၁)လသာ ဘင်ခရာအဖွဲ့က ကလေးတွေလည်း ဒီမှာလာပြီး တီးမှုတ်ဖျော်ဖြေရတဲ့အတွက် လာကြည့်ရင်းနဲ့ ဒီပွဲကိုရောက်လာတာပါ။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာလူမျိုးဖြစ်တဲ့အတွက် မြန်မာတွေရဲ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာ တချို့ကိစ္စတွေဟာ ကျွန်တော်တို့အနေနဲ့ ဆက်လက်ထိန်းသိမ်းရမယ်လို့ ယူဆတယ်။ ဒါကြောင့်မို့ ဒီနေ့ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်ကို ဒီနေ့ကစပြီး ကျင်းပမှာဖြစ်တဲ့အတွက် လာရောက်လေ့လာကြည့်ရှု ဝယ်ယူနိုင်ကြပါတယ်လို့ ကျွန်တော့်အနေနဲ့ ဖိတ်ခေါ်ပါတယ်။ ကလေးတွေလည်း ပျော်ကြမယ်လို့ ယူဆပါတယ်။

**တွေ့ဆုံမေးမြန်း – ချိုကြီး**
**ဓာတ်ပုံ – ရဲထွဋ်**

---

## အ.ထ.က(၁)အိမ်မဲမြို့ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**အိမ်မဲ နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ အ.ထ.က(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို နှစ်စဉ်အစဉ်အလာမပျက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ဒီဇင်ဘာ ၃၁ ရက်၌ ဆရာကြီး ၃၂ ဦး၊ ဆရာမကြီး ၉၃ ဦး စုစုပေါင်း ၁၂၅ ဦးကို ဖိတ်ကြား၍ ပူဇော်သွားမည်ဖြစ်ကြောင်း၊ ရပ်ဝေးဆရာကြီး၊ ဆရာမကြီးများ ကြွရောက်နိုင်ရန် ကော်မတီမှ ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၈ ရက်နောက်ဆုံးထား၍ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဦးခင်ညွန့် ၀၉ – ၄၂၂၅၅၅၄၄၅၊ ဦးကျော်မြင့် ၀၉ – ၂၅၀၄၄၀၀၄၄၊ ဦးစံငြိမ်း ၀၉ –၂၅၀၃၂၀၇၇၂၊ ဦးထွန်းထွန်း ၀၉ – ၂၅၀၄၃၉၉၀၉ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး Kpay Account Daw Ei Sandar Win ဖုန်း ၀၉– ၇၈၀၈၀၁၈၀၀ သို့လည်း တိုက်ရိုက်ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင် မိသားစုစီးပွားရေးအတွက်သာမက ပရဟိတလုပ်ငန်းများအတွက်ပါ အထောက်အကူပြုသည့် ပြည်မြို့မှ Y2K ဆေးဂွမ်းလုပ်ငန်း

တွေ့ဆုံမေးမြန်း- ခင်ရွှေဝါဖူး (ပြန်/ဆက်)၊ ဓာတ်ပုံ- ကိုဆက်၊ ကိုစိုး

**မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်သည် "ဝါ" ထွက်ရှိမှုအားကောင်းသော ခရိုင်တစ်ခု ဖြစ်သည့်အလျောက် "ဝါ" စိုက်ပျိုးပြီး "ဝါပင်" မှ ထွက်ရှိသော "ဝါဂွမ်း" ဖြင့် ဘက်စုံသုံး ဂွမ်း၊ ပတ်တီးအမျိုးမျိုးနှင့် ကျန်းမာရေးအထောက်အကူပြုဆေးဂွမ်းများကို ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ပထမဆုံး ဖြန့်ဖြူးရောင်းချလျက်ရှိသော ပြည်မြို့မှ Y2K ဂွမ်းလုပ်ငန်းမှာ ဈေးကွက်အတွင်း အောင်မြင်လျက်ရှိသည်။**



သန့်စင်ပြီးသောဝါဂွမ်းများကို စက်ကိရိယာများဖြင့် ပါကင်ထုပ်နေစဉ်။

ဂွမ်းကို အကြမ်းထည်အဆင့်မှသည် သန့်စင်ပြီး ဆေးရုံသုံး ဆေးဂွမ်းများအဖြစ် ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဆုံးထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပုံ၊ ၎င်းတို့၏ ကုန်ပစ္စည်းများကို မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးအတွက်သာမက ပရဟိတလုပ်ငန်းများတွင်ပါ ကူညီထောက်ပံ့ခဲ့မှုများ၊ MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ Y2K ဂွမ်းလုပ်ငန်းမှ မန်နေဂျာ ကိုဇာနည်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ရပါသည်။

**မေး ။ ။ Y2K အမှတ်တံဆိပ် စတင်ပေါ်ပေါက်လာပုံကို အရင်ဆုံးသိပါရစေ။**

ဖြေ ။ ။ Y2K အမှတ်တံဆိပ် အမည်ပေးဖြစ်တာကတော့ Year 2000 မှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့အတွက် အဲဒါကိုအစွဲပြုပြီး Y2K ဆိုပြီး ထုတ်လုပ်ဖြစ်တာပါ။ ဒီလုပ်ငန်းဟာ မိသားစုလုပ်ငန်းဖြစ်တဲ့အတွက် ဆက်ပြီးလုပ်ကိုင်ဖြစ်တာပါ။

**မေး ။ ။ ဝါကုန်ကြမ်းကို ဘယ်မြို့နယ်ကနေ ဝယ်ယူအသုံးပြုပါသလဲ၊ ပစ္စည်းအမျိုးအစား ဘယ်နှမျိုး ထုတ်လုပ်ပါသလဲ။**

ဖြေ ။ ။ ဝါကုန်ကြမ်းကိုတော့ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ကနေ ဝယ်ယူပါတယ်။ ဝါကြီးကနေ စတင်ဝယ်ယူပြီး အဲဒီကနေ တစ်ဆင့် ချည်မျှင်ရှည်ဝါနဲ့လည်း လုပ်ငန်းဆောင်ရွက်ပါတယ်။ Y2K အမည်နဲ့ ဂွမ်းနဲ့ပတ်တီးတွေ ထုတ်လုပ်ပါတယ်။ လူတိုင်းဝယ်ယူအသုံးပြုနိုင်တဲ့ ဈေးနှုန်းဖြစ်တဲ့ ငွေတစ်ရာကျပ်မှစပြီး တစ်ထောင်နီးပါးအထိ ဘက်စုံသုံးနဲ့ ဆေးရုံသုံးဂွမ်းတွေ ထုတ်လုပ်ထားပါတယ်။

**မေး ။ ။ ဝါကုန်ကြမ်းကနေ သန့်စင်ပြီးဆေးဂွမ်း ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းပြပါဦး။**

ဖြေ ။ ။ ပထမအဆင့်အနေနဲ့ ဝါကုန်ကြမ်းတွေကို အစေ့ထုတ်ပြီး ဖွရပါတယ်။ ပြီးရင် ပေါင်းအိုး (Boiler)ထဲမှာ Caustic နဲ့ ထည့်ပေါင်းလိုက်တဲ့အခါမှာ Caustic က အစေ့တွေရော အမှုန်၊ အမွှားတွေပါ စားသွားပါတယ်။ အချိန်အားဖြင့် အနည်းဆုံး ရှစ်နာရီကြာအောင် ပေါင်းပေးရပါတယ်။ စုပ်ယူမှုအားကောင်းတဲ့ သန့်စင်ပြီး ဆေးဂွမ်းတွေ ရရှိအောင် အချိန်ကြာကြာ ပေါင်းပေးရပါတယ်။ ဒုတိယအဆင့်အနေနဲ့ ပေါင်းပြီးသားဂွမ်းတွေကို လျှော်စက်နဲ့ ရေဆေးသန့်စင်ပြီး ပိုးသတ်ဆေး (Rational Powder)နဲ့ အဖြူပြန်ချွတ်ပါတယ်။ နောက် တတိယအဆင့်အနေနဲ့ ရေခါပြီး ရေနွေးငွေ့စက်နဲ့ အခြောက်ပြန်ခံပါတယ်။ စတုတ္ထအဆင့်အနေနဲ့ကတော့ အခြောက်ခံပြီးသား ဂွမ်းဖတ်တွေကို ဂွမ်းဖွစက်နဲ့ ပြန်ဖွတဲ့အခါမှာ အစေ့တွေ ပြုတ်ကျလာပါတယ်။ ပဉ္စမအဆင့်အနေနဲ့ ဖွပြီးသားဂွမ်းတွေကို ဂွမ်းလုံးဖိုင်းငင်စက် (Cotton Ball) နဲ့ ဂွမ်းဖြတ်စက် (Auto Cutter) ပေါ်တင်ပေးပြီးရင်တော့ဖြူဖွေးသန့်စင်တဲ့ဆေးဂွမ်းတွေကို ရရှိပါပြီ။ နောက်ဆုံးအဆင့်ကတော့ ထုပ်ပိုးခြင်းလုပ်ပြီးရင်တော့ စတင်ဖြန့်ဖြူးရောင်းချလို့ရပါပြီ။

**မေး ။ ။ စက်ရုံက ထုတ်လုပ်တဲ့ ဝါဂွမ်းတွေကို ဘယ်နေရာဒေသတွေကို ပို့ဆောင်ဖြန့်ဖြူးပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ မကွေး၊ မန္တလေး၊ ဧရာဝတီနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကို ဖြန့်ဖြူးပို့ဆောင်ပေးပါတယ်။ အခြားတိုင်းဒေသကြီးတွေမှာ ဂွမ်းထုတ်လုပ်မှုတွေ ရှိပေမယ့်လည်း ထုတ်လုပ်ပုံ အရည်အသွေးတွေ မတူညီကြတဲ့အတွက် အမှာစာတွေကတော့ ဆက်တိုက်ရှိနေပါတယ်။

**မေး ။ ။ ဂွမ်းထုတ်လုပ်ရာမှာ ထွက်ရှိလာတဲ့ အလေအလွင့်ဂွမ်းတွေကို ဘယ်လိုနေရာတွေမှာ ပြန်လည်အသုံးချပါသလဲ။**

ဖြေ ။ ။ အလေအလွင့်ဂွမ်းတွေကလည်း တန်ဖိုးရှိပါတယ်။ ပစ်ပယ်လို့မရပါဘူး။ ခေါင်းအုံး၊ ဖက်လုံးနဲ့ အရုပ်ရောင်းတဲ့သူတွေက လာဝယ်ပြီး ပြန်အသုံးပြုကြတာ များပါတယ်။

**မေး ။ ။ စက်ရုံအတွင်း တစ်စုံတစ်ရာ မီးဘေးအန္တရာယ်မဖြစ်ပေါ်အောင် ထိန်းသိမ်းမှုအကြောင်းကိုလည်း သိရှိပါရစေ။**

ဖြေ ။ ။ ဟုတ်ကဲ့ပါ။ ဂွမ်းဟာ မီးလောင်လွယ်တဲ့ လောင်စာတစ်မျိုးဖြစ်တယ်။ စက်ရုံရဲ့ စက်အပူရှိန်တွေ ဂွမ်းကို မကူးစက်အောင် လုံခြုံမှုစနစ်တွေဖြစ်တဲ့ Auto Alarm စက်တွေထားရှိခြင်း၊ မီးသတ်ဆေးဘူးတွေ လုံလောက်စွာထားရှိခြင်းတို့အပြင် စက်ရုံလုပ်သားဝန်ထမ်းတွေကို စက်ရုံအတွင်း လုံးဝဆေးလိပ်သောက်သုံးခြင်း မပြုလုပ်ဖို့ စည်းကမ်းသတ်မှတ်ချက်တွေ ထားရှိပါတယ်။

**မေး ။ ။ စက်ရုံစတင် လည်ပတ်စဉ်ကစပြီး လက်ရှိကာလအကြား ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေရှိရင်လည်း ပြောပေးပါဦး။**

ဖြေ ။ ။ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကတော့ များပါတယ်။ စတင်ထူထောင်စဉ်တုန်းက စက်ပစ္စည်း၊ နည်းပညာတွေ မထွန်းကားသေးတော့ လူအင်အားနဲ့ပဲ Manual သွားရတော့ အချိန်ကုန်ပါတယ်။ နောက်ပိုင်း သုံးနှစ်လောက်ကြာမှ ငွေကြေးလည်ပတ်မှုနဲ့ နည်းပညာလည်းလေ့လာ၊ စက်ပစ္စည်းတွေလည်း တိုးချဲ့လာနိုင်တဲ့အတွက် အချိန်ကုန်သက်သာလာတယ်။ ကိုဗစ်-၁၉ ဖြစ်ပွားဆဲ ကာလတုန်းကဆိုရင် ဖုန်းနဲ့မှာယူတဲ့ အမှာစာတွေ အများကြီးရှိပေမယ့်လည်း သွားပြီးမပို့နိုင်တဲ့ အခါမှာ ငွေပြန်အမ်းရတာမျိုးတွေ ရှိခဲ့ပါတယ်။ အခုလက်ရှိကာလမှာတော့ စက်ရုံပုံမှန်လည်ပတ်လာနိုင်ပြီး ဖြန့်ဖြူးရောင်းချရတာ အဆင်ပြေပါတယ်။ ဒီထက်ပိုပြီး စက်ပစ္စည်းတွေစုံလင်အောင် ဖြည့်တင်းပြီး အဆင့်မြှင့်တင်ဖို့လည်း ကြိုးစားနေရပါတယ်။

**မေး ။ ။ Y2K ကုန်ပစ္စည်းတွေဟာ အများပြည်သူအတွက် ဘယ်လောက်အထိ အကျိုးသက်ရောက်ရှိတယ်လို့ ထင်မြင်ယူဆပါသလဲ။**

ဖြေ ။ ။ အများပြည်သူအနေနဲ့ ဂွမ်းကို ဘက်စုံအသုံးပြုလို့ရသလို ဆေးရုံ၊ ဆေးခန်းတွေမှာ မရှိမဖြစ် အသုံးပြုရပါတယ်။ ကျွန်တော်တို့ Y2K အနေနဲ့ မိသားစု တစ်ပိုင်တစ်နိုင်စီးပွားရေးအတွက်သာမက ပရဟိတအဖြစ်ပါ လိုအပ်တဲ့နေရာတွေမှာ ကူညီလှူဒါန်းမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ မီးဘေး၊ သဘာဝဘေးဖြစ်ပွားပြီး ထိခိုက်မှုဖြစ်ပွားသူတွေကို တစ်ဖက်တစ်လမ်းကနေ ကူညီကယ်ဆယ်ခွင့်ရတဲ့အတွက်လည်း ဒီလုပ်ငန်းကို လုပ်ကိုင်ရကျိုးနပ်တယ်လို့ နှလုံးသွင်းထားပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံရဲ့ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ အစိုးရအနေနဲ့ ကူညီပံ့ပိုးပေးမှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျွန်တော်တို့ Y2K ဟာ မိသားစု တစ်ပိုင်တစ်နိုင် လက်ငုတ်လက်ရင်း လုပ်ငန်းလေးတစ်ခုဖြစ်ပါတယ်။ စတင်လုပ်ကိုင်စဉ်က ရိုးရာဖိုင်းငင်စက်၊ ချည်ပေါင်းစက်၊ မီးဖိုနဲ့ ရေနွေးငွေ့ပေါင်းစက်စတာတွေနဲ့ သမားရိုးကျလုပ်ကိုင်ခဲ့ရာမှ ယခုအခါ MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအဖြစ် နိုင်ငံတော်အစိုးရက ကိုယ်ပိုင်မိရိုးဖလာလုပ်ငန်းလေးတွေကို အားပေးမြှင့်တင်ပေးတဲ့အနေနဲ့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ MSME ချေးငွေ ကျပ်သိန်း ၃၀၀ ကိုလည်း ချေးယူရရှိထားပြီး စက်ရုံအတွက် လိုအပ်နေသေးတဲ့ စက်ပစ္စည်းတွေ ဝယ်ယူဖြည့်တင်းနိုင်ခဲ့ပါတယ်။ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကိုယ့်ဒေသရဲ့ထွက်ကုန်တွေကို ဖော်ထုတ်မြှင့်တင်ပေးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားတဲ့အပြင် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ပွင့်လန်းလာမှာ ဖြစ်ပါတယ်။

**မေး ။ ။ အခြား ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံမှာ ယခုလို MSMS ကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် လုပ်ငန်းလုပ်ငန်းသူများ အများကြီးပေါ်ထွက်လာဖို့ လိုအပ်ပါတယ်။ ဒါမှသာ တိုင်းပြည်စီးပွားရေးမြင့်မားပြီး နိုင်ငံတကာကို ထိုးဖောက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်ကုန်ပစ္စည်းများကိုလည်း အများပြည်သူရဲ့ အရေးပေါ်ကျန်းမာရေး ကိစ္စရပ်တွေမှာ လိုအပ်ခဲ့ရင် လှူဒါန်းပေးသွားပါ့မယ်။ ။



မန်နေဂျာ ကိုဇာနည်က လုပ်ငန်းအကြောင်းရှင်းပြစဉ်။



ဝါကုန်ကြမ်းများကို လျှော်စက်ဖြင့် ရေဆေးသန့်စင်နေစဉ်။

## တပ်အင်အား ၁၄၀၀၀ ခန့် ပြင်ဆင်ထားဆိုသော သတင်းမှာ လုပ်ကြံသတင်းသာဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော်သို့ တပ်အင်အား ၁၄၀၀၀ ခန့် ပြင်ဆင်ထားဆိုသော သတင်းမှာ လုပ်ကြံသတင်းသာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်အရာရှိတစ်ဦးက ပြောသည်။

"အဲဒီသတင်း မဟုတ်ဘူး။ နေပြည်တော်မှာ အေးချမ်းပြီးသားပါဗျာ။ ပေါက်ကရသတင်းတွေက သိတဲ့အတိုင်း၊ နေ့တိုင်း တက်နေတာ၊ ဒါက တစ်ဖက်အဖွဲ့အစည်းရဲ့ စီမံချက်တစ်ခုပဲ ဖြစ်မှာပါ။ ဒီလိုသတင်းတုတွေကို ဖတ်မိရင် နေပြည်တော်မှာနေတဲ့သူတွေကို တုန်လှုပ်စေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်တဲ့သဘောပေ့ါ။ ကျွန်တော် ပြောမယ်။ နေပြည်တော်မှာ တပ်အင်အား ၁၄၀၀၀ လောက်နဲ့ ပြင်ဆင်ထားတယ်ဆိုတာ မဟုတ်ပါဘူး။ လုံးဝပါ" ဟု အဆိုပါ တပ်မတော်အရာရှိက ပြောသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကလည်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ဌာနချုပ်ကို တစ်နိုင်ငံလုံးရှိ ထိုးစစ်မှကာကွယ်ရန် တပ်အင်အား ၁၄၀၀၀ ခန့်ဖြင့် ပြင်ဆင်ထားကြောင်း ရေးသားနေသည့် သတင်းမှာ သတင်းတု သတင်းမှားသာဖြစ်ပြီး ယင်းကို ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရကြောင်း ထုတ်ပြန်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့အနေဖြင့်လည်း အဆိုပါသတင်းနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ သတင်းမှားများသာဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် လုပ်ကြံဇာတ်လမ်းဆင်ပြီး ဝါဒဖြန့်ချိဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မျိုးခိုင်




## စစ်သင်တန်းတက်ရန် စာရင်းကောက်ယူနေသည်ဆိုသော သတင်းမှာ သတင်းမှားသာဖြစ်ဟုဆို

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော်တွင် စစ်သင်တန်းတက်ရန် စာရင်းကောက်ယူနေသည်ဆိုသော သတင်းမှာ သတင်းမှားသာဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းမှန်ပြန်ကြားရေးက ထုတ်ပြန်လိုက်သည်။

ယင်းသတင်းမှာ နိုင်ငံ့ဝန်ထမ်းများ စိုးရိမ်ထိတ်လန့်စေရန် မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ဝန်ထမ်းများအနေဖြင့် တာဝန်ကျရာဌာနများတွင် ပုံမှန်အတိုင်းရှိနေကြောင်း နေပြည်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်းတစ်ဦးက ပြောသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူတစ်ဦး၏ ဖြေကြားချက်အရ မဟုတ်မှန်ကြောင်း၊ မိမိတို့အနေဖြင့် တာဝန်ကျရာဌာနများတွင် ပုံမှန်အတိုင်းထမ်းဆောင်လျက်ရှိပြီး ယင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ စိုးရိမ်ထိတ်လန့်စေရန် မဟုတ်မမှန် လုပ်ကြံသတင်းများကို ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း လက်ရှိတာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းအပြင် ရုံးအသွားအပြန် ဝန်ထမ်းကြိုပို့ယာဉ်ဖြင့်သာ သွားလာခွင့်ပြုပြီး လုံခြုံရေးတင်းကျပ်လျက်ရှိသောကြောင့် Non CDM များ ထွက်ပြေးရန်ပင် အခက်အခဲဖြစ်နေကြကြောင်းလည်း ပြည်ဖျက်မီဒီယာများက ဝါဒဖြန့်ရေးသားနေကြခြင်း ဖြစ်သည်။

"ဝန်ထမ်းတွေ ကြိုပို့ကားက နဂိုကပဲ ရှိတာလေ၊ လုံခြုံရေးကို အထူးတင်းကျပ်တာတော့ မရှိပါဘူး။ လမ်းတွေမှာတော့ ရှိတာပေ့ါ။ လုံခြုံရေးက။ ဒါက ပုံမှန်ပဲလေ၊ နယ်တွေက ဝန်ထမ်းတွေကိုဆိုရင် အရင်ကတည်းက လုံခြုံရေးပိုကောင်းအောင် လုံခြုံရေးပေးတာတွေလည်း ရှိတယ်။ ဝန်ထမ်းတွေအနေနဲ့ စစ်သင်တန်းတက်ရမယ်ဆိုတာတော့ ကျွန်တော်တို့ကို ပြောလည်းမပြောဘူး။ စာရင်းမကောက်ပါဘူးဗျာ။ အခုသတင်းတွေကို ကျွန်တော်တို့လည်း တွေ့ပါတယ်။ ဒါကတော့ သူတို့ဘက်က ဝါဒဖြန့်တဲ့သဘောပဲဖြစ်မှာပါ"ဟု လက်ရှိ တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

လူမှုကွန်ရက်တွင် နေပြည်တော်ရှိ ဌာနဆိုင်ရာအသီးသီးမှ အမျိုးသား Non CDM များအား တပ်မတော်က ကိုယ်အလေးချိန်နှင့် အရပ်တိုင်းပြီး ရှေ့တန်းအတွက် ဒီဇင်ဘာလအတွင်း စစ်သင်တန်းပေးရန် စာရင်းစတင်ကောက်ယူနေကြောင်း ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများကတစ်ဆင့် သတင်းတု သတင်းမှားများ ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

မျိုးခိုင်

## ဆင်ပေါင်ဝဲမြို့နယ် ဆူးလေကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းများပြီးစီး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆူးလေကုန်းကျေးရွာရှိ ဆိုလာ 550 W ခြောက်ချပ်နှင့် မြစ်ရေတင်ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ပေ ၄၀၀ ပိုက်လိုင်းနှင့် အိမ်သွယ်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ၃၇၉၂ ပေကို ၂၀၂၃-၂၀၂၄ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၀ သန်းအသုံးပြု၍ စက်တင်ဘာ ၂၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၅၀ ကျပ် | ၂၄၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ပေါင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပေါင် နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေ စာရင်းသွင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၅ ရက်အထိ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စာရင်းသွင်းရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်နှင့် ဦးစီးအရာရှိ ဒေါက်တာကျော်ရဲအောင်တို့၏ ဦးဆောင်မှုဖြင့် စာရင်းသွင်းခြင်းကို နိုဝင်ဘာ ၂၄ ရက်အထိ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျေးရွာပေါင်း ၂၂ ရွာရှိ အိမ်ထောင်စု ၅၈၉၃ စုအတွက် တိရစ္ဆာန် ကောင်ရေ ၃၈၅၀ ကို ကွန်ပျူတာ၊ ဖုန်းဖြင့် စာရင်းသွင်းကောက်ယူလျက်ရှိပြီး ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လတာအတွင်း တစ်မြို့နယ်လုံး စာရင်းကောက်ယူခြင်းလုပ်ငန်းအား ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၁၄၂ | ၁၂၃၂၃၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၉၈၉ | ၅၇၆၈၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၁၀၃၈ | ၁၆၁၆၁၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀၀ | ၄၈၀၀၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၅ | ၁၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၃၀ | ၁၄၇၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၀၅ | ၈၅၈၅၀၀ |

ညီညီ - စုစည်းသည်

# ခြေလျင်ခရီးကြမ်း ခရီးစဉ်တွေကို ကြိုက်နှစ်သက်သူတွေအတွက် ခရီးစဉ်အသစ်ဖြစ်လာတော့မယ့် ဝက်ဖြူရေတံခွန်

ယဉ်လာဒ်

ခရီးသွားမြို့တော်လို့တင်စားကြတဲ့ ကလောမြို့လေးမှာ ခရီးသွားဧည့်သည်တွေအတွက် လည်ပတ်နိုင်တဲ့ ခရီးစဉ်နေရာအသစ်တွေကို လုပ်ငန်းရှင်တွေက အပြိုင်အဆိုင် ဖော်ထုတ်လာနေကြပါတယ်။ သဘာဝတောတောင်ရှုခင်းတွေနဲ့ လိုက်လျောညီထွေပြီး ရင်းနှီးမြှုပ်နှံချင်တဲ့လုပ်ငန်းရှင်တွေဟာ ကလောမြို့သာမက ဝက်ဖြူရေကျေးရွာအုပ်စုအတွင်းက ရေယောင်းမကျေးရွာနဲ့ အခြားရွာတွေဆီကိုလည်း ရင်းနှီးမြှုပ်နှံလာကြပါတယ်။




ရေယောင်းမကျေးရွာ၌ ဖွင့်လှစ်ထားသည့် သီရိစန္ဒာ အပန်းဖြေစခန်း။ ဓာတ်ပုံ-မောင်ဝင်း

တိမ်ပင်လယ်တွေစုဝေးရာအရပ်လို့ ခေါ်နိုင်တဲ့ ဝက်ဖြူရေကျေးရွာအုပ်စု ငှက်ပျောတောရပ်ကွက် အတွင်းမှာ တည်ရှိတဲ့ ဝက်ဖြူရေတံခွန် အနီးပတ်ဝန်းကျင်မှာလည်း ခရီးသွားလုပ်ငန်းတွေ လုပ်ကိုင်ဖို့ စတင်အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် မကြာခင်မှာ ခရီးသွားဧည့်သည်တွေအတွက် ခရီးစဉ်သစ်တစ်ခု ဖြစ်လာတော့မယ့် ဝက်ဖြူရေတံခွန်အကြောင်းကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အဖြစ် ဖော်ပြပေးချင်ပါတယ်။

### ရေမပြတ်တဲ့ရေတံခွန်

ဝက်ဖြူရေတံခွန်လို့ ခေါ်ဝေါ်တဲ့ ရေတံခွန်ဟာ ဝက်ဖြူရေကျေးရွာမှာ တည်ရှိပြီး နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ရေမပြတ်တဲ့ရေတံခွန် ဖြစ်ပါတယ်။ သုံးဆင့်ရေတံခွန် အမျိုးအစားဖြစ်ပြီး ရေစီးသန်တဲ့ရေတံခွန်တစ်ခု ဖြစ်ပါတယ်။

"ဒီရေတံခွန်က ကလောမြို့ အနောက်ဘက်က လာတာပါ။ ရေထွက်အမည်က စပါးသွန်ရေထွက်လို့ ခေါ်ပါတယ်။ ရေချောင်းရဲ့အမည်က ငါးမတ်ချောင်းလို့ ခေါ်ပြီး မကွေ့ရွာနားရောက်ရင် မကွေချောင်းလို့ ခေါ်ကြတယ်။ နန်းပန်တက်နားရောက်ရင် နန်းပန်တက်ချောင်းလို့ အဲဒီလိုအခေါ်အပြောလေးတွေ ရှိကြပါတယ်"လို့ ဝက်ဖြူရေကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးက စာရေးသူကို ပြောပါတယ်။


ဝက်ဖြူရေတံခွန်၌ အမှတ်တရဓာတ်ပုံရိုက်နေသည့် ခရီးသွားအမျိုးသမီးငယ်တစ်ဦး။ ဓာတ်ပုံ-အောင်စိုးဝင်း

လက်ရှိအချိန်မှာ ခရီးသွားအများစုကတော့ ရေယောင်းမကျေးရွာရဲ့ အထင်ကရ ဗျူးပွိုင့်တွေဆီ လာရောက်လည်ပတ်ကြပြီး ဝက်ဖြူရေတံခွန်ဆီ Trekking လျှောက်ကြတဲ့ ခရီးသွားတွေလည်း ရှိကြပါတယ်။ အနီးပတ်ဝန်းကျင်က ခရီးသွားတွေသာမက ရပ်ဝေးကလာတဲ့ ခရီးသွားတွေလည်း လာရောက်အပန်းဖြေလည်ပတ်ကြပါတယ်။ ရေတံခွန်မြို့တော်လို့ တင်စားတဲ့ ရွာင်မြို့မှာဆိုရင် ရေတံခွန်တွေများစွာရှိပေမယ့် မိုးရာသီမှာပဲ ရေကျပြီး နွေရာသီဆိုရင် ရေခန်းလို့ ရေမကျတာတွေ ရှိတတ်ပေမယ့် အခု ဝက်ဖြူရေတံခွန်ကတော့ သုံးရာသီစလုံး ရေမပြတ်ရှိတာဟာ အားသာချက်လို့ ဆိုရပါမယ်။

### သွားရောက်လည်ပတ်နိုင်

ဝက်ဖြူရေတံခွန်ဆီကို ကလောပြည်ထောင်စုလမ်းမကြီးရဲ့ မိုင်တိုင် ၅၈ မိုင် ၄ ဖာလုံကနေ သွားရောက်လည်ပတ်နိုင်ပါတယ်။ ရေတံခွန်အထိ ကားလမ်းမပေါက်ပေမယ့် ကားလမ်းဆုံးရင် ငါးမိနစ်လောက်ပဲ လမ်းထပ်လျှောက်ရမှာ ဖြစ်ပါတယ်။ အပြန်ဆိုရင်တော့ ၁၅ မိနစ်ခန့် Trekking လျှောက်ပြီး မိုင်တိုင် ၆၃ မိုင် ၄ ဖာလုံကို ပြန်တက်လာမယ်ဆိုရင် တိမ်ပင်လယ်တွေစုဝေးနေရာလို့ တင်စားရတဲ့ ရေယောင်းမကျေးရွာက အပန်းဖြေစခန်းများဆီကို ရောက်ရှိမှာ ဖြစ်ပါတယ်။

### ရေယောင်းမရွာအခြေပြု အပန်းဖြေစခန်းများ

ကလောမြို့အနီးမှာ ရေယောင်းမရွာကို အခြေပြုပြီးဖွင့်လှစ်ထားတဲ့ ဓာတ်ပုံရှုခင်း အပန်းဖြေစခန်းတွေ အများဆုံးတည်ရှိနေပြီးလက်ရှိမှာတော့ ရေယောင်းမ CBT၊ ရှုခင်းသာအပန်းဖြေစခန်း၊ သီရိစန္ဒာအပန်းဖြေစခန်း၊ ရေယောင်းမ View-point၊ Village Shan State Viewpoint၊ ရှန်ဘာလာ Viewpoint စတဲ့ အစဉ်လိုက် အပန်းဖြေစခန်းတွေရှိကြပါတယ်။

**"ဝက်ဖြူရေတံခွန်ဆီကို ကလောပြည်ထောင်စုလမ်းမကြီးရဲ့ မိုင်တိုင် ၅၈ မိုင် ၄ ဖာလုံကနေ သွားရောက်လည်ပတ်နိုင်ပါတယ်။ ရေတံခွန်အထိ ကားလမ်းမပေါက်ပေမယ့် ကားလမ်းဆုံးရင် ငါးမိနစ်လောက်ပဲ လမ်းထပ်လျှောက်ရမှာ ဖြစ်ပါတယ်။ အပြန်ဆိုရင်တော့ ၁၅ မိနစ်ခန့် Trekking လျှောက်ပြီး မိုင်တိုင် ၆၃ မိုင် ၄ ဖာလုံကို ပြန်တက်လာမယ်ဆိုရင် တိမ်ပင်လယ်တွေစုဝေးနေရာလို့ တင်စားရတဲ့ ရေယောင်းမကျေးရွာက အပန်းဖြေစခန်းများဆီကို ရောက်ရှိမှာ ဖြစ်ပါတယ်"**

### ဒေသခံတွေ အကျိုးရရှိနိုင်

ဝက်ဖြူရေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက "ရေယောင်းမကျေးရွာကို ပိုမိုဖွံ့ဖြိုးစေလို့ ဝမ်းသာရပါတယ်။ ရေယောင်းမကျေးရွာကို အခြေပြုပြီး ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကနေတစ်ဆင့် ခရီးသွားလုပ်ငန်းတွေ ပိုပြီးအောင်မြင်လာစေချင်ပါတယ်။ ဒါမှလည်း ဒီဒေသရဲ့ဒေသခံတွေက ခရီးသွားလုပ်ငန်းကနေရတဲ့ အကျိုးကျေးဇူးတွေကို ရရှိလာမှာဖြစ်ပါတယ်။ အဲဒီအတွက် ဝမ်းသာရပါတယ်"လို့ ပြောပါတယ်။

လုပ်ငန်းရှင်များစွာရဲ့ စိတ်ဝင်စားခြင်းကိုခံရတဲ့ ရေယောင်းမကျေးရွာ ပတ်ဝန်းကျင်တစ်ဝိုက်ဟာ မကြာခင်မှာတော့ ခရီးသွားဧည့်သည်တွေရဲ့ လာရောက်လည်ပတ်ကြမယ့် ခရီးစဉ်နေရာအသစ် ဖြစ်ပေါ်လာတော့မှာမို့ Trekking လို့ခေါ်တဲ့ သဘာဝခြေလျင်ခရီးကြမ်းမျိုးကို စိတ်ဝင်စားကြတဲ့ ခရီးသွားတွေအတွက် ဝက်ဖြူရေကျေးရွာမှ ဝက်ဖြူရေတံခွန်ဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ခရီးသွားလမ်းညွှန်အဖြစ် ရေးသားမျှဝေ ဖော်ပြလိုက်ပါတယ်။ ။

---

## ဟိုပုံးမြို့နယ်၌ အသစ်ဖွင့်လှစ်ထားသော Hopong Viewpoint သို့ ပြည်သူများ လာရောက်လည်ပတ်လျက်ရှိ

**ဟိုပုံး နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်လေကျေးရွာအနီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ် ဘုရားကိုးဆူကျောင်းတိုက်အနီး၌ Hopong Viewpoint အသစ်ကို စတင်ဖွင့်လှစ်ထားပြီဖြစ်ရာ လာရောက်လည်ပတ်သော ခရီးသွားများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ Hopong Viewpoint တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ ခေတ္တအနားယူနိုင်ရန်၊ အပန်းဖြေလည်ပတ်နိုင်ရန်၊ အလှပဓာတ်ပုံများ ရိုက်ကူးရင်း စိတ်အပန်းဖြေနိုင်ရန် ဆောင်ရွက်ထားရှိပြီး တောင်ကြီးမြို့မှ အရှေ့ဘက်သို့ ၁၀ မိနစ် ခန့် ထွက်ခွာလာလျှင် ကားလမ်းတစ်လျှောက် လှပနေသော တောင်နေကြာပန်းများ၏ အလှအပကို ခံစားရင်း Hopong Viewpoint တွင် ခေတ္တနားနေရင်းဖြင့် ပအိုဝ်းဒေသ၏ တောင်ကုန်းတောင်တန်းအလှအပများ၊ မျက်စိတစ်ဆုံးလှပနေသည့် အစိမ်းရောင်တောင်ယာစိုက်ခင်းများ၊ ဟိုပုံးမြို့၏ မြို့ပြအလှအပများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

Hopong Viewpoint ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၉၅ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ပြီး ယခုအချိန်တွင် တောင်ကြီးတန်ဆောင်တိုင်ပွဲသို့ လာရောက်လည်ပတ်သူများ၊ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအတွက် အပန်းဖြေလာရောက်လည်ပတ်ရင်း အလှဓာတ်ပုံများ ရိုက်ကူးနိုင်မည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။




ပအိုဝ်းဒေသ(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၄ ရက်တွင် ဒေးဒရဲမြို့ အမှတ်(၃) ရပ်ကွက်နှင့် ကျုံသင်ကျေးရွာအုပ်စုတို့၌ ကွင်းဆင်းဆောင်ရွက်ပေးနေစဉ်။ အေဇာလင်း

## မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်ရွေးချယ်ပွဲ ဒီဇင်ဘာတွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အမှုဆောင်သက်တမ်းအတွက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို ဒီဇင်ဘာ ၂၁ ရက်တွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အသင်း၏ အမှုဆောင်သက်တမ်း ရွေးချယ်ပွဲကို ပုံမှန် သုံးနှစ်တစ်ကြိမ် ကျင်းပရာ ယခု ၂၀၂၃ ခုနှစ်တွင် ၂၀၂၀ ပြည့်နှစ်က အမှုဆောင်သက်တမ်း သုံးနှစ်ပြည့်ခဲ့ပြီဖြစ်၍ ယခု ၂၀၂၃-၂၀၂၆ ခုနှစ်သက်တမ်းအတွက် ရွေးချယ်မည်ဖြစ်ကြောင်း၊ အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီသည့် အသင်းဝင်သက်တမ်း တစ်နှစ်ပြည့်ပြီးသော ကုမ္ပဏီများ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၊ စားသုံးဆီ တင်သွင်းဖြန့်ဖြူးသူများ၊ ဆီလက်လီလက်ကား ရောင်းချသူများသည် အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိကြောင်း သိရသည်။

အသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက "ရွေးချယ်တင်မြှောက်ပွဲကို အသင်းဖွဲ့စည်းမျဉ်းပါစည်းမျဉ်းစည်းကမ်းချက်များနဲ့အညီ သုံးနှစ်တစ်ကြိမ် ပုံမှန်ကျင်းပဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၃ ခုနှစ် သက်တမ်းဆိုရင် ၂၀၂၀ ဒီဇင်ဘာမှာ ကျင်းပခဲ့တာပါ။ လာမယ့် ၂၀၂၃-၂၀၂၆ ခုနှစ် သက်တမ်းအတွက် ယခုဒီဇင်ဘာလမှာ ပြန်လည်ရွေးချယ်သွားမှာဖြစ်ပါတယ်။ ရွေးချယ်ရာမှာ ဖွဲ့စည်းပုံစည်းမျဉ်းအရ လက်ရှိအလုပ်အမှုဆောင်များ အားလုံး နုတ်ထွက်ပြီးမှသာ ပြန်လည်ရွေးချယ်ခံပိုင်ခွင့်ရှိပါတယ်" ဟု ပြောသည်။

အသင်းအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဆီစက်များ၊ ဆီလုပ်ငန်းရှင်များနှင့် ဆီကုန်သည်များ ဖွံ့ဖြိုးတိုးတက်အောင် ကူညီထောက်ပံ့ရန်၊ ဆီထွက်သီးနှံထုတ်လုပ်သူများနှင့် ဆီထွက်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပရောင်းဝယ်မှု တိုးတက်မြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်တွင်းစားသုံးဆီမပြတ်လပ်စေရေး၊ ဆီဈေးနှုန်း တည်ငြိမ်မှန်ကန်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ တင်သွင်း/သိုလှောင်/ဖြန့်ဖြူးမှုတွင် သက်ဆိုင်ရာဌာနများနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရနှင့် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ **"ဘယ်သူမှန်လဲ အပြိုင်ကြဲ"** အစီအစဉ်သစ်ကို အပတ်စဉ်တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၏ MRTV –HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိရာ ယခုအပတ်တွင် "သုတစာပေက တိုင်းပြည်ကို အကျိုးပြုတယ်" ၊ "ရသစာပေက တိုင်းပြည်ကို အကျိုးပြုတယ်" ခေါင်းစဉ်ဖြင့် တင်ဆက်သွားမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် တင်ဆက်သူ လူငယ်သရုပ်ဆောင် ထူးပြည့်အောင်နှင့်အတူ လူငယ်စာရေးဆရာများဖြစ်ကြသည့် မင်းသန့် (စာရေးဆရာ)နှင့် ယုန္တယ်လင်း (စာရေးဆရာမ) တို့က တက်ရောက်လာကြသည့် လူငယ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်ရာ ယင်းအစီအစဉ်ကို MRTV –HD Channel မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက် တနင်္ဂနွေနေ့ ညနေ ၆ နာရီသတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက် ကြာသပတေးနေ့ ညနေ ၆ နာရီသတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

## ထိုင်းဈေးကွက်၌ ငါးဈေးကျခြင်းနှင့် လောင်စာဆီဈေးနှုန်းကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ ရေလုပ်ငန်းကဏ္ဍ ရပ်ဆိုင်းရတော့မည့် အနေအထားဖြစ်လာလျက်ရှိ

**မြိတ် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသည့်ငါးများကို ထိုင်းနိုင်ငံဈေးကွက်သို့ သွားရောက်ရောင်းချရာတွင် ငါးဈေးကျဆင်းမှု၊ လောင်စာဆီဈေးနှုန်းနှင့် ငွေလဲနှုန်းများကြောင့် ရေလုပ်ငန်းကဏ္ဍ ရပ်ဆိုင်းရတော့မည့်အနေအထားဖြစ်လာနေကြောင်း ဒေသခံရေလုပ်ငန်းရှင်များထံမှ သိရသည်။



မြိတ်ခရိုင်အတွင်းမှ ပင်လယ်ကမ်းဝေး ငါးဖမ်းလှေများ။

ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးရာတွင် ကမ်းဝေးလှေကြီး တစ်စင်း အထွက်စရိတ်မှာ ဘတ် ၁၃ သန်း (မြန်မာငွေကျပ်သိန်း ၁၂၀၀ ကျော်) ရှိရာ ငါးဖမ်းရရှိငွေ ဘတ် ၁၈ သန်း (မြန်မာငွေကျပ်သိန်း ၁၇၀၀ ခန့်) ရရှိလျှင်ပင် လက်ရှိစရိတ်များအရ အရှုံးပေါ်နေကြောင်း သိရသည်။

မြိတ်မြို့မှ ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးက "လှေကြီးအစင်း ၂၀ ရှိတဲ့အုပ်စုတွေ၊ ၁၀ စင်းရှိတဲ့အုပ်စုတွေ ကမ်းထိုးရပ်နေကြတာ တွေ့ရတယ်။ တစ်စင်း၊ နှစ်စင်းပိုင်တဲ့သူတွေဆိုလုံးဝရပ်လိုက်ကြပြီ ဖြစ်ပါတယ်။ ကမ်းဝေးလှေကြီးတွေအားလုံးထိပါတယ်။ သံခွံဝါလတ်ကြီးတွေကတော့ ရခိုင်ရေပြင်မှာ အနည်းငယ်လုပ်သာကိုင်သာရှိတယ်လို့ ကြားရပါတယ်။ တနင်္သာရီတိုင်းရေပြင်မှာတော့ ငါးဈေးကွက်လည်း ကျဆင်း၊ အထွက်စရိတ်တွေကလည်း များတော့ ဒီအတိုင်းရပ်ထားရတော့မယ်"ဟု ပြောသည်။

ဒေသအတွင်းတွင် လောင်စာဆီဈေးနှုန်းများမှာ တစ်ပီပါလျှင် ကျပ် ၆၆၀၀၀၀ ကျော်ရှိနေပြီး ငါးပုံးတစ်ပုံးလျှင် ရောင်းဈေး ကျပ် ၆၅၀၀၀ မှ ၇၅၀၀၀ ကြားသာ ဈေးရရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီရက်ပိုင်းမှာပဲ ငါးဖမ်းလှေတွေ ပင်လယ်ပြင်ထဲက ပြန်ဝင်လာတယ်။ ရေလုပ်ငန်းဆက်လုပ်ဖို့ အခြေအနေမပေးတော့တာကြောင့် ဆိပ်ကမ်းမှာ ဒီအတိုင်းကပ်ထားလိုက်ပါပြီ၊ ငါးဖမ်းပြန်ထွက်ဖို့ အစီအစဉ်မရှိတော့ပါဘူး။ အဓိကထိခိုက်နေတာက ကမ်းဝေးလှေကြီးအားလုံးပါ။ ဝါတန်း(ဝိုင်းချုပ်)လှေတွေဆိုရင် ပိုပြီးအထိနာတယ်။ လှေသားတွေလည်းများတယ်၊ ရေပေါ်ရေလယ် ငါးဖမ်းနည်းဖြစ်တဲ့အတွက် ငါးတွေမရတော့တဲ့အနေအထားကြုံနေရတယ်။ ဝါတန်းငါးတွေဆိုရင် ထိုင်းဈေးကွက်က လက်မခံဘူး၊ သူတို့ဆီမှာတောင် ဂိုဒေါင်တွေထဲပြည့်နေတယ်၊ လာမရောင်းနဲ့တော့လို့ အပြောခံနေရတယ်။ ငါးဈေးကွက်တစ်ခုလုံး ကမောက်ကမဖြစ်နေတာ၊ ငွေလဲနှုန်းကလည်း ၅၀ ရာခိုင်နှုန်းစီ သတ်မှတ်ထားတော့ ထပ်ရှုံးကြပြန်တယ်"ဟု ကမ်းဝေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံက ငါးဈေးကို ထိုးချပစ်လိုက်သည့်အပြင် ငါးတင်ပို့မှုမှရရှိငွေ၏ သတ်မှတ်ရာခိုင်နှုန်းကို သတ်မှတ်ပေါက်ဈေးဖြင့် လဲလှယ်ပေးရခြင်းနှင့် ကျန်ရှိသည့် ရာခိုင်နှုန်းကိုလည်း တစ်လအတွင်း အသုံးပြုရခြင်းများက လုပ်ငန်းရပ်ဆိုင်းသွားရန် တွန်းအားတစ်ခုဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ကင်းမွန်လုပ်ငန်းတွေလည်း အထိနာနေပြီ။ အရင်နှစ်က ရာသီဖွင့်စမှာ ကင်းမွန်တစ်ဗန်းကို ကျပ်သုံးသိန်းခွဲ ဈေးရှိတယ်။ ဒီနှစ်ရာသီမှာတော့ နှစ်သိန်းလောက်နဲ့ ဈေးစဖွင့်လာပြီး အခုဆိုရင် ၁၅၀၀၀၀ ကနေ ၁၇၀၀၀၀ ကြားပဲ ကျန်တော့တယ်။ မနှစ်ကထက် ထက်ဝက်ကို ဈေးကျသွားတယ်၊ ဒီတစ်ခေါက်လှေပြန်ဝင်လာရင်တော့ ပင်လယ်ပြင်ကိုထပ်ထွက်ဖို့ မရှိတော့ဘူး။ ဒီအတိုင်းပဲ ကမ်းထိုးထားလိုက်တော့မယ်။ ရေလုပ်သားတွေလည်း အလုပ်လက်မဲ့ဖြစ်တော့မယ်၊ ထိုင်းကို ရေလမ်းခရီးကနေ တင်ပို့လည်း တွက်ခြေမကိုက်တော့သလို ကုန်းလမ်းခရီးကနေ တင်ပို့ရင်လည်း ထပ်မံကုန်ကျတာတွေရှိသေးတယ်။ ပါကေးငါးတွေလည်း တစ်ကီလိုကို ကျပ် ၅၀၀ တောင် မပေးချင်ကြတော့ ဒီအတိုင်းနားနေလိုက်ရတော့မယ်" ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် ငါးဖမ်းလှေများနှင့် ငါးသယ်လှေများမှာ အခက်ခဲဆုံးသောကာလကို ဖြတ်ကျော်နေရပြီး ရေရှည်တောင့်ခံရန်မလွယ်တော့သည့် အနေအထားဖြစ်လာနေကြောင်း သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပင်လယ်ပြင်တွင် ငါးရရှိမှု လွန်စွာနည်းပါးသွားခြင်း၊ ထိုင်းနိုင်ငံရှိ ငါးဈေးကွက်တွင် ငါးဈေး အလွန်အမင်းကျဆင်းနေခြင်း၊ ငါးဖမ်းလှေ အထွက်စရိတ်ကြီးမြင့်လာခြင်းနှင့် ငွေလဲနှုန်း သတ်မှတ်ချက်များကြောင့်ဖြစ်ကာ လက်ရှိတွင် ငါးဖမ်းလှေအများအပြား ဆိပ်ကမ်းတွင်ရပ်ဆိုင်းနေပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းလှေကြီး ၁၅၀၀ ခန့် ရှိကြောင်းနှင့် ရေလုပ်ငန်းကဏ္ဍထိခိုက်သွားပါက ကျန်သည့် စီးပွားရေးလုပ်ငန်းများပါ လိုက်ပါထိခိုက်လာနိုင်ကြောင်းလည်း ဒေသခံများ၏ ပြောကြားချက်များအရ သိရသည်။ **မြင့်ဦး(မြိတ်)**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၅**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သောနယ်လှည့်အထူးကု



ဒေါ်ပြုံးပြုံးအောင်



ဦးအေးကိုတင့်

ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တောင်ကလေးကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် တောင်ကလေး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၉၂ ဦး၊ ခွဲစိတ်ရောဂါ ၂၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၀၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၆၁ ဦး၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၉၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာခြောက်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၂ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၃၂ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ် (စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့ အမှတ် (၂) ရပ်ကွက်ရှိ မြို့မဓမ္မာရုံ၌ အခြေပြု၍ ဓနုဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၈၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှု ဆိုင်ရာရောဂါ ၂၁၅ ဦး၊ ခွဲစိတ်ရောဂါ ၁၀ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၄၆ ဦး၊ အရိုးရောဂါ ၂၀၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၊ မျက်စိရောဂါ ၂၁၆ ဦးနှင့် သွားရောဂါ ၃၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ လေးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက် လူနာ ၃၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်-

**ဒေါ်ပြုံးပြုံးအောင်**

ကျွန်မက တောင်ကလေး ကျေးရွာကပါ။ တပ်မတော် နယ်လှည့် ဆေးကုသရေးအဖွဲ့က အခုလိုအခမဲ့လာရောက်ဆေးကုသပေးတဲ့အတွက် မျက်စိလာရောက်ပြသတာပါ။ မျက်စိက ကြည့်ရတာ နည်းနည်းဝါးလို့ ဆရာဝန်ကြီးတွေက သေချာစမ်းသပ်ပြီးတော့ ကုသပေးတယ်။ သောက်ဖို့ဆေးဝါးတွေကိုလည်း အခမဲ့ပေးလိုက်ပါတယ်။ တချို့ရွာသူ ရွာသားတွေကငွေကုန်ကြေးကျ အများကြီးခံပြီးတော့ မကုနိုင်တဲ့အတွက် အခုလိုမျိုး တပ်မတော်က လာရောက်ပြီး အခမဲ့ ဆေးကုသပေးတဲ့အတွက် ရွာသူ၊ ရွာသားတွေအတွက် အကုန်လုံး အဆင်ပြေပါတယ်။ တစ်နေရာတည်းမှာ ပါရဂူကြီးတွေအစုံနဲ့ ပြသရတဲ့အတွက်လည်း သူတို့အတွက် အကျိုးကျေးဇူးရှိပါတယ်။ ဒီအတွက်လည်း တောင်ကလေးရွာသူ ရွာသားတွေကိုယ်စား၊ အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ ရွာသူ ရွာသားတွေရဲ့ကိုယ်စား ကျွန်မက ကျေးဇူးအများကြီး တင်ပါတယ်လို့ ပြောချင်ပါတယ်။ နောက်ထပ်လည်း အခုလိုဆေးလာကုပေးပါလို့ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့ကို ဖိတ်ခေါ်ပါတယ်။ ဆေးကုသပေးနိုင်အောင် စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဆရာဝန်များ၊ ပါရဂူကြီးများကိုလည်း ကျေးဇူး အထူးပဲ တင်ရှိပါတယ်။ ကျွန်မ တပ်မတော်သားတွေကို အလွန်ပဲ ချစ်ပါတယ်။ ယခုလို တိုင်းပြည် မအေးချမ်းတဲ့အချိန်မှာ လာရောက်ပြီး ရွာသူ ရွာသားတွေ၊ ဒေသခံတွေရဲ့ ကျန်းမာရေးကို အဓိကထားပြီး ဆေးကုသပေးတဲ့အတွက် ကျွန်မက ကျေးဇူးအထူး တင်ရှိပါတယ်။ အခုဆိုရင် တပ်မတော်သားတွေက မြန်မာ တစ်နိုင်ငံလုံးအေးချမ်းသာယာဖို့ အတွက် တိုင်းနဲ့ပြည်နယ်အသီးသီးမှာ ရှေ့တန်းတာဝန်တွေကို ထမ်းဆောင်နေရတယ်လို့ ကြားသိရတဲ့အတွက် ကျွန်မချစ်တဲ့ တပ်မတော်သားတွေ အတွက် အလွန်လည်း ဂုဏ်ယူမိပါတယ်။ ဘုရားရှစ်ခိုးတိုင်းလည်းတပ်မတော်သားတွေ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး လိုအင်ဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတောင်းမေတ္တာပို့သပေးပါတယ်။ တပ်မတော်ကြီးလည်း ရေရှည်တည်တံ့ခိုင်မြဲပါစေလို့ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ဦးအေးကိုတင့်**

ကျွန်တော်တို့ မြို့နယ်က နယ်မြို့လေး ဖြစ်တဲ့အတွက် ကြောင့် မြို့နယ်မှာလည်း ခုတင် ၅၀ နဲ့ ဆရာဝန်အထိုက်အသင့် တော့ရှိပါတယ်။ ဒါပေမယ့် အခုလို တပ်မတော် နယ်လှည့်ဆေးကုအဖွဲ့က ပါရဂူတွေ၊ ဆရာဝန်ကြီးတွေ လာရောက်တဲ့အပေါ်မှာ ကျွန်တော်တို့က အလွန်ကိုဝမ်းသာအားရဖြစ်မိပါတယ်။ အခုလည်း အားလုံးမြင်တဲ့အတိုင်း ကျွန်တော်တို့ဒီမှာလူနာတွေက ဒီမြို့နယ်လေးမှာ အားကိုးတကြီးနဲ့ လာရောက်ကုသနေကြတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ Ambulance အဖွဲ့တွေ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တွေရယ်၊ အရန်မီးသတ်တပ်ဖွဲ့တွေ၊ တခြားပရဟိတအဖွဲ့တွေ အားလုံးစုပေါင်းပြီး မြို့နယ်မှာရှိတဲ့ လူနာတွေကို သွားရေး၊ လာရေးကအစ အခက်အခဲမရှိ အားလုံးအဆင်ပြေအောင်နဲ့ နယ်လှည့်ဆေးကုသအဖွဲ့တွေ အဆင်ပြေပြေ ကုသနိုင်အောင် ကျွန်တော်တို့ ဝိုင်းဝန်းပူးပေါင်းပြီးတော့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ အလွန်လည်း ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဘက်ခေတ်မှာဆေးကုဖို့ဆိုတာ ခက်ခဲတာပေါ့။ သွားရေးလာရေး ကအစ ကုန်ကျစရိတ်ကြီးမြင့်တာတွေဖြစ်တဲ့အခါမှာ အခုလို နယ်လှည့်ဆေးကုသရေးအဖွဲ့က လာရောက် ကုသပေးတဲ့အပေါ် ကျွန်တော်တို့က တစ်မြို့နယ်လုံးမှာရှိတဲ့ လူနာတွေကို စုစည်းပြီး တော့ခေါ်ပေးတယ်။ ခေါ်ပေးတဲ့အတွက်လူနာတွေကလည်းအလွန်ကိုဝမ်းသာနေပါတယ်။ တချို့ဆိုရင် အဝေးဆုံးမှာရှိတဲ့ လူနာတွေတောင် လာရောက်ပြီးကုသနေတာကို တွေ့ရပါတယ်။ အခုလို ကုသပေးဖို့စီစဉ်ပေးတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲကို အထူးကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာက ဆရာဝန်ကြီးတွေ၊ အထူးကုပါရဂူကြီးတွေနဲ့ ပြချင်ရင်တောင် ရန်ကုန်တို့၊ ဟင်္သာတတို့လို ခရိုင်မြို့ကြီးတွေကို သွားရောက်ကုသရတဲ့ အနေအထားကနေ ကျွန်တော်တို့ဆီမှာရှိတဲ့ ပြည်သူလူထုအနေနဲ့ အခုဒီနေရာမှာ အထူးကုပါရဂူကြီးတွေ လာရောက်ကုသပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကို အလွန်ကို ကျေးဇူးတင်ရှိပါတယ်လို့ ပြည်သူလူထုကိုယ်စား ပြောကြားလိုပါတယ်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း


**နေပြည်တော် နိုဝင်ဘာ ၂၅**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ် အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း"စသည့်ဆုတောင်းမေတ္တာစာလွှာများ **(ယာပုံ)** ပါရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၃၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၃၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် ကြိုတင်သတင်းရရှိထားသူ မောင်ကကို စစ်ဆေးရှာဖွေရာ ၎င်းသယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့ပြီး သတင်းကွင်းဆက်အရ နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်တွင် ကိုကိုလင်း(ခ) လင်းလင်းအား ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၈၅ ကီလို၊ မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အလားတူ လူငယ်များကို အန္တရာယ်ဖြစ်စေမည့် စိတ်ပြောင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချခြင်းများကို ထိရောက်စွာ ဟန့်တားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





ပြစ်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ။

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၇၁၅ ဦး၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၈၁၅ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၇၂၆၆ ဦး၊ အမျိုးသမီး ၇၂၇ ဦး စုစုပေါင်း ၇၉၉၃ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Nan Dar 78987” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက်နေ ဝင်းချိုဇင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Ko Hein Min” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ သံလျက်မှော်တောင်ရပ်ကွက်နေ ဇာမင်းဟိန်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ “@aungkolatt1987” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာနေ အောင်ကိုလတ်(ခ) အောင်အောင်အား ညနေ ၄ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော မော်တော်ဆိုင်ကယ်အပိုပစ္စည်း ဖြစ်သည့် KENKO Chain & Sprocket ၁၁၀၀၈ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၆၂၆၄) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၂၁၆၂၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၊ ရန်ကုန် -မော်လမြိုင် ပြည်ထောင်စုလမ်းမကြီး (မိုင်တိုင်အမှတ် ၉၆ မိုင် ၇ဖာလုံ)အနီး၌ မြဝတီမြို့မှ ညောင်လေးပင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၅၀၀၀ ၊ Lactasoy ပဲနို့ဘူး ၄၆၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီးနှင့် King Long Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ကော့ကရိတ်(တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ Camel Motorcycle Tube ၈၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် နိုဝင်ဘာ ၂၄ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့ သဃ်နီးညီနောင်ရွာသစ်ကျေးရွာအနီး၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ Lactasoy ပဲနို့ဘူး ၄၃၂၀ ၊ ပုစွန်နှစ်ကောင် ဟင်းသီးဟင်းရွက်ဆီ (၅)လီတာပါ ဘူး ၁၅၀ ၊ Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၁၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၉၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravn တစ်စီးနှင့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၉၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၆၁၂၂၆၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့ အထူးကုဆေးကုသရေးအဖွဲ့ ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံသို့ ကွင်းဆင်းကုသ

**ပဲခူး နိုဝင်ဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများစိုက်ထုတ်ကုန်ကျရသော ဆေးကုသစရိတ်လျော့နည်း ကျဆင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ Speciality လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ကုသမှုများရရှိစေရေး ရည်ရွယ်ကာ ယနေ့ နံနက်ပိုင်းက ကဝမြို့နယ် သက္ကလတိုက်နယ်ဆေးရုံသို့ ကွင်းဆင်း ဆေးကုသမှုများ ဆောင်ရွက်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟ ဦးဆောင်၍ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊ သမားတော်၊ ခွဲစိတ်၊ ကလေးလူနာ၊ သားဖွား/မီးယပ်၊ အရိုး၊ မျက်စိ၊ နား/နှာခေါင်း/ လည်ချောင်း၊ မျက်စိ၊ အကြောအဆစ်၊ ကင်ဆာ၊ အရေပြား၊ စိတ်ကျန်းမာရေးနှင့် သွားရောဂါဝန်ထမ်းများပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ဒေသခံပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် ကဝမြို့နယ်အတွင်းရှိ အခြားသောကျေးရွာများမှလည်း လာရောက်ပြသနိုင်ရန်အတွက် ကျေးရွာအလိုက် ဆေးရုံ၊ ကျန်းမာရေး ဌာနများမှတစ်ဆင့် ပြည်လူထုကို အသိပေးကာ



ပြသရန်လိုအပ်မည့် လူနာများကို ကြိုတင်ကွင်းဆင်းရှာဖွေခြင်းများ ဆောင်ရွက်ပေးသည်။

ခရီးစဉ်အတွင်း အထွေထွေလူနာ ၁၀၃ ဦး၊ ခွဲစိတ်ကုပညာ ၃၅ ဦး၊ ကလေးဆေးပညာ ၁၆ ဦး၊ သားဖွား/မီးယပ် ၁၁ ဦး၊ အရိုး ၆၂ ဦး၊ မျက်စိလူနာ ၇၇ ဦး၊ နား/နှာခေါင်း/ လည်ချောင်းလူနာ ၃၀၊ အကြောအဆစ်လူနာ ၁၂ ဦး၊ ကင်ဆာရောဂါလူနာ တစ်ဦး၊ အရေပြားလူနာ ၄၀၊ စိတ်ကျန်းမာရေးလူနာ နှစ်ဦးနှင့် သွားရောဂါလာရောက်ပြသသူ ၂၀ စုစုပေါင်း ၄၀၉ ဦးအား ကြည့်ရှု ကုသမှုများ ပြုလုပ်ပေးသည်။ **(အပေါ်ပုံ)** **ကိုတွတ်(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း နိုဝင်ဘာ ၂၅**

နတ်တလင်းမြို့နယ်၌ မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့



ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများသည် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ တို့နှင့်ပူးပေါင်း၍ ရွှေလင်ဘိုးဘွားရိပ်သာမှ အဘိုး အဘွား ၁၇ ဦးအား လိုအပ်သော ကျန်းမာရေးစစ်ဆေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများ၊ အ.မ.က ပြည်တော်သာကျောင်းမှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နည်း၊ အာဟာရရှိသော အစားအစာများ စားသုံးရန်လိုသည့် အကြောင်းအရာများ ဟောပြောပြီး ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးများ ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဝေယံဖြိုး(ပြန်/ဆက်)**

# သာစည်မြို့နယ် ရွာကြီးအထက(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပ

**သာစည် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ရွာကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပိတောက်ခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင့်ဘော်က လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးသီတာအေးက ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းကဦးဆောင်၍ လူငယ်စကားဝိုင်းကို စတင်ရာ Grade-9 ၊ Grade-11 နှင့် Grade-12 တို့မှ ကျောင်းသားကျောင်းသူ လေးဦးတို့က လူငယ်နှင့် ယဉ်ကျေးမှုလူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အားကစား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို



မေးမြန်းရာ စကားဝိုင်းတွင်ဆွေးနွေးပေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်တွင် နေ့သင်တန်းများကို ကျောင်းအပ်လက်ခံပေးနေပြီး နိုဝင်ဘာ ၂၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ဒဂုံတက္ကသိုလ်တွင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ နေ့သင်တန်းများကျောင်းအပ်နှံမှုကို နိုဝင်ဘာ ၁၆ ရက်မှစတင်၍ စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး နေ့သင်တန်းများကို နိုဝင်ဘာ ၂၃ ရက် မှစတင်၍ ပထမနှစ် (၂၀၂၃ အောင်)အပါအဝင် သင်တန်းနှစ်အသီးသီးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဒဂုံတက္ကသိုလ်တွင် ဝိဇ္ဇာဘာသာရပ် ၁၄ ခုနှင့် သိပ္ပံဘာသာရပ် ၁၃ ခုတို့ကို ဖွင့်လှစ်ပို့ချ သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံဆောင်ရွက်နိုင်စေရန် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သက်ဆိုင်ရာဌာနများက လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၃၀-သုဝဏ္ဏ (ဘုရားအနီး)၊ မြေကွက်အမှတ်-၁၀၅၊ ဧရိယာ ၀ ဒသမ ၁၁၈ ဧကအကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် မြေကွက်အမှတ်- ၁၀၆၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်များ အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အမှတ်(၁၀၅+၁၀၆)၊ ရေနံ့သာလမ်း၊ ၃၀ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးမြင့် ၁၂/သလန(နိုင်)၀၃၃၃၃၂ မှ သားဖြစ်သူ ဦးမျိုးခန့်ကိုကို ၁၂/သလန(နိုင်)၁၀၉၇၃၂ ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပြီးအပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေအညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမောင်မောင်သူရ (မြောင်းမြ) — LL. B, A.G.T.I (EP), D.B.L, D.M.L — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)

ဦးဇေယျာထွန်း (LL. B) — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)

ဒေါ်ချယ်ရီလှိုင် (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၆၁)

ဦးစိုးလွင်ဦး (LL.B) — အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊
၀၉-၄၂၅၂၈၇၁၃၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/69135 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုဝင်း ၇/ကတခ(နိုင်)၁၁၁၅၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/79490 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူအောင် ၉/ကဆန(နိုင်)၁၁၅၅၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ မြေကွက်အမှတ်(၁၀၆၉)၊ မြေဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်းပေ(၄၀X၆၀)ရှိ မူလပိုင်ရှင် ဦးမြင့်ဟန်(ကွယ်လွန်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ၃၀-၁၂-၁၉၉၆ ခုနှစ်ကတည်းက ဝယ်ယူပိုင်ဆိုင်သူ ဦးကြည်မြင့်ထံမှ အထက်ပါမြေကွက်အနက်ပေ(၂၀X၆၀)နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်၊ သွပ်မိုး၊ လုံးချင်းနေအိမ်၊ (ရေ၊ မီး)အပါအဝင်ကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်မောင်ဆန်း ၁၂/ဥကတ(နိုင်)၁၄၅၃၄၉က ၅-၁၁-၂၀၁၀ ရက်နေ့ ကတည်းက ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ နေထိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စမ်းနုဝါ(စဉ်-၁၇၀၈၉)
LL.B,W.I.P.O (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၅၇၊ စံပယ်လမ်း(သို့)မုန့်ဖိုလမ်း
အမှတ်(၃)ရပ်ကွက်၊ အင်းတကော်မြို့၊ ပဲခူး

## စာအုပ် စာပေ လူ့မိတ်ဆွေ

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့ မူလွန်(ရွာမ)ကျောင်း Grade-3 မှ မမြတ်မြင့်မို၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင်၊ မိခင်အမည်မှန်မှာ ဒေါ်ဆုမြတ်သူနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၄-၁၂-၂၀၁၃ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/52190, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုး ၁၄/မမက(နိုင်)၁၇၇၃၇၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းအား အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅(ဘီ)လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြားနေ ဒေါ်ခင်မာသင်း(ဘ)ဦးသိန်း ၅/ရဘန(နိုင်)၁၀၂၄၀၉ ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅(ဘီ)လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြားတွင် နေထိုင်သူ ဦးဇော်ထက် (ဘ) ဦးတင်မြင့်ခိုင်၏ ၁/မကတ(နိုင်)၁၅၆၆၄၆ ကိုင်ဆောင်သူ လူကြီးမင်းထံသို့ လွှဲအပ်ခဲ့သော မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ ၇-၉-၂၀၂၃ရက်စွဲပါ မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၇၆၄/ ၂၀၂၃)အား လွှဲအပ်ပေးထားခဲ့ပါသည်။

ယခုအခါ လွှဲအပ်သူ ဒေါ်ခင်မာသင်းမှ ဦးဇော်ထက်အား လွှဲအပ်ထားသည့် အထက်ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန် ကိစ္စများပြီးစီးသည်ဖြစ်၍ ယနေ့မှစ၍ နှစ်ဦးသဘောတူ ပြန်လည်ဖျက်သိမ်းလိုက်ပါသည်။ အဆိုပါဖျက်သိမ်းသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အိအိစိုး (LL.B)** | **ဒေါ်နှင်းသီရိ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၆၃၀)** | **(စဉ်-၅၁၂၄၂)** |

**ဖုန်း-၀၉-၉၇၈၇၅၉၉၂၇၊ ၀၉-၉၆၆၆၆၆၉၇၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၇၅)၊ ၆၃(B)လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းပရီ ၏ (SP ရရှိသူ မောင်စီရိုမ်း(ခ) ဦးသိန်းထွန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၇၃၇/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ရာတန် ၁/မကတ(နိုင်)၀၀၇၅၆၇ ကအမှုတွဲအမှတ် ၅၆၈၈/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၄၂)၊ ဦးပိုင်အမှတ်(၇၂-ခ)၊ ၃၅ x ၃၆ လမ်းကြား၊ ၈၀ x ၈၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်ဝင်း၏ (S.P ရရှိသူ ဒေါ်ချိုချိုမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၃၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဇေယျ(ခ)ဦးကျော်ကျော်လှိုင် ၉/မရတ(နိုင်) ၁၀၇၈၆၀ က အမှုတွဲအမှတ် ၅၆၈၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၅)၊ ဦးပိုင်အမှတ်(၃၂)၊ ၁၁၆လမ်း၊ ၆၉ x ၇၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတက လန်ခွမ်းခန်၏ (SP ရရှိသူ ဒေါ်ရန်ဆိုင်မွေ့)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၃၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပန်းနှင်းငုံ၁၃/ပလတ(ပြု)၀၀၀၀၁၆ကအမှုတွဲအမှတ်၅၆၇၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅၄)၊ ဦးပိုင်အမှတ်(၂၉+၃၂)၊ ၅၇ x ၅၈ လမ်းကြား၊ ၁၃၃ x ၁၃၄ လမ်းကြား ရှိဒု-ဗိုလ်မှူးကြီးမင်းဒင် အမည်ပေါက် ဂရန်မြေကွက်အား ပြည်ကြီးတံခွန် မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်(၁၄၁/၂၀၂၂)အမှုတွင် ချမှတ်ခဲ့သော (၃-၃-၂၀၂၃)ရက်စွဲပါ အမိန့်စီရင်ချက်နှင့်ဒီကရီအရ ဒုဗိုလ်မှူးကြီးမင်းဒင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၈၅/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်းနိုင်ဦး ၅/ယမပ(နိုင်)၀၂၇၂၅၉ က အမှုတွဲအမှတ် ၅၆၇၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၄)၊ ဦးပိုင်အမှတ်(၈)၊ ၂၆ လမ်း၊ ၇၅ x ၇၆ လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ခင်အေး၏ (SP ရသူ ဒေါ်ထက်မွန်ထွေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၁၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဝေဖြိုးအောင် ၉/မရမ(နိုင်)၀၈၇၉၈၄ က ၀၆၂၄/ဘ/(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၀)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ကို ဒေါ်မာမာအေးထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းပိုင်က အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ ၈-၁၂-၂၀၂၃ ရက်နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဒေါ်မာမာအေးနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းပိုင်(ဘ)ဦးလောဝမ်** | **ဦးခင်မောင်မြင့် (LL.B) (Advocate)** |
| **၁၃/လခန (နိုင်)၀၂၁၂၂၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅/၁၁-၁၀-၁၉၈၅)** |
| | **မဟာမြိုင်(၁)၊ အပိုင်း(၆)၊တောင်သိဒ္ဓိလမ်းသွယ်** |
| | **မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၄၀၂၅၉၆၅၅၁** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက် ရပ်ကွက်၊ အကွက်အမှတ်(၂၆၈)၊ ဦးပိုင်အမှတ်၆-က(ခဲစင်း)၊ ၃၂ x ၃၃ လမ်းကြား၊ ၈၇ x ၈၈ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ခင်ရွှေမြင့် ၏ (SP ရသူ ဦးအောင်မိုး) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၃၄၃/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူသန်း ၉/မနတ (နိုင်)၀၁၁၂၆၇ က အမှုတွဲအမှတ် ၀၆၂၃/ဘ/ခွဲ(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၈-င)၊ ၁၉ x ၂၂ လမ်းကြား၊ ၆၀ x ၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိဂီအေး ၁/မညန(နိုင်)၁၃၆၈၁၇ က အမှုတွဲအမှတ် ၅၆၈၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအနောက်ရပ်ကွက်၊ အကွက် အမှတ်(၄၂)၊ ဦးပိုင်အမှတ် (၇-ဆ)/၁၀ x ၁၁လမ်းကြား၊ ၇၉ x ၈၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမင်းဇော်ဦး ၇/ထတပ(နိုင်) ၀၄၉၂၀၈ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၇၆၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ထက်ထက်ခိုင် ၉/အမဇ(နိုင်)၀၂၂၆၆၈ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ် (၅၉)ခဲစင်း/၁၆လမ်း၊ ၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မာမာကြည် ၉/မနမ(နိုင်)၁၀၂၇၉၉ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက် အမှတ်(၄၉၂-က)၊ ဦးပိုင်အမှတ် (၁၁-ခ)/ ၅၆ x ၂၃ လမ်းထောင့်ရှိဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးအေးကျော်မြင့် ၇/ပခန(နိုင်)၀၀၄၈၀၁ မှ သားဖြစ်သူ ဦးသန့်စင်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7N/7305 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ်(၁၁+၁၂+၂၁+၂၂)၊ ၅၃ x ၅၄ လမ်းကြား ၁၀၄ x ၁၀၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်နွယ်လင်း ၁၃/ကလတ(နိုင်)၀၂၀၂၈၆ က အမှုတွဲအမှတ် ၅၆၈၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်၊ အကွက် အမှတ်(၄၂၁)၊ ဦးပိုင်အမှတ် ၁-ဃ (ခဲစင်း)၊ ၈၈ x ၈၉ လမ်းကြား၊ ၄၃ x ၄၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးသန်းထွန်း ၉/မနတ (နိုင်)၀၈၈၄၄၁ က အမှုတွဲအမှတ် ၀၆၂၅/ဘ(ခွဲ)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၅၉-က)၊ ၁၇ x ၁၆ လမ်းကြား၊ ၆၂.A လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မိုးနီနီမာ၏(GPရရှိသူ ဦးဇော်မိုးအောင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၁၀/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လဲ့လဲ့ဝင်း ၉/မနမ(နိုင်)၁၀၀၀၉၂ က အမှုတွဲအမှတ် ၅၆၈၁/ ၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၀)၊ ဦးပိုင်အမှတ်(၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ကို ဦးကြည်ဝင်းထံမှ ကျွန်ုပ် မိတ်ဆွေဦးချစ်မုန်း က အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့် ရက်မှစ၍ ၈-၁၂-၂၀၂၃ ရက် နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးကြည်ဝင်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးချစ်မုန်း(ဘ)ဦးမှတ်ပို** | **ဦးခင်မောင်မြင့် (LL.B)(Advocate)** |
| **၉/ တတဥ (နိုင်) ၀၈၉၄၅၈** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅/၁၁-၁၀-၁၉၈၅)** |
| | **မဟာမြိုင်(၁)၊ အပိုင်း(၆)၊ တောင်သိဒ္ဓိလမ်းသွယ်၊** |
| | **မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း-၀၉-၄၀၂၅၉၆၅၅၁** |

## အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၄) နယ်မြေဈေးဟောင်းရပ်ရှိ ဦးမျိုးကျော် ၈/ရစက(နိုင်)၀၉၅၇၆၉ ပိုင်ဆိုင်သော မြေကွက်ပေ(၄၀ x ၉၀) မြေဝိုင်းအား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့ အမှတ် ၂၆ တိုးချဲ့ (၁)ရပ်ကွက် မုန်တန်းရပ်နေ ဒေါ်ခင်မေဌေး ၈/ရစက(နိုင်)၁၂၆၉၇၈အား ငွေကျပ်သိန်း တစ်ရာ့ငါးဆယ်(သိန်း ၁၅၀) ကျပ်တိတိဖြင့် ၂၀၁၆ ဧပြီလ ၁၆ ရက်တွင် စာချုပ်စာတမ်းဖြင့် တရားဝင် ရောင်းချလိုက်ပါသည်။

သို့ဖြစ်ပါ၍ ဤမြေဝိုင်းအား ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်မေဌေးအား တရားဝင် ဝယ်ယူထားသော ဝိုင်းဖြစ်သည့်အတွက်ကြောင့် ဤမြေဝိုင်းအား ပိုင်ရှင်မှ ပြန်လည်ရောင်းချရာတွင် မည်သူတစ်ဦး တစ်ယောက်မှ မသက်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ခင်မေဌေး(ဘ)ဦးသန်းလွင်ဦး**
**၈/ရစက(နိုင်)၁၂၆၉၇၈**
**အမှတ် ၂၆၊ တိုးချဲ့(၁)၊ မုန်တန်းရပ်၊ အမရပူရမြို့။**
**ဖုန်း-၀၉-၆၉၉၇၅၀၀၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/97393 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/46764 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ စည်းခုံကျေးရွာနေ ဦးအောင်ရီ၏သား မောင်သက်နိုင်ထွေး ၉/ရမသ(နိုင်) ၁၈၆၃၅၃၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-585955)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၉၀၂၀၃၅၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/45939 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/66199 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/86566 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦးပိုင်အမှတ်၆၀(ခဲစင်း)၊ ၆၈လမ်းx၆၉လမ်းကြား၊ ဝေသာလီနှင့်သာယာဝတီလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်မြင့် ၉/မရမ(နိုင်) ၀၂၂၁၆၆က အမှုတွဲအမှတ် ၅၆၉၀/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၆၂)၊ စတုတ္ထထပ်၊ (၅-လွှာ) တိုက်မျက်နှာမူလျှင် ညာဘက်ခန်း၊ (၁၁ပေခွဲ x၄၇)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်နှင်းနှင်းစော ၉/မနတ(နိုင်)ဝ၆၁၈၃၁မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးစိုးသူအောင် ၁၁/သတန(နိုင်)ဝ၇၄၇၃၉၊ ဒေါ်နွယ်ဦးခိုင် ၁၄/ဖပန(နိုင်)ဝ၉၉၁ဝ၅ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ပန်းမွှေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁ဝ၆ဝ၅/၂ဝ၁၅)** | **(စဉ်-၄၉၅ဝ၂/၂ဝ၁၈)** | **(စဉ်-၁၆၃၉၇/၂ဝ၁၉)** |

**တိုက်(၄)၊ အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ဝ၉ - ၇၉၅၅၃၄၇၅၃ ၊ ဝ၉ - ၇၅ဝ၃၉၈၄ဝ၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေယျဝတီလမ်း၊ အမှတ်(၅၂)ပေါ်တွင် ဆောက်လုပ်ထားသော (၁) ခန်းတည်း (၈) ထပ်တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ)၊ အကျယ်အဝန်း ပေ(၂၅x၅ဝ)ရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး (ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာ)၊ ဓာတ်လှေကားအပါအဝင် အကျိုး ခံစားခွင့်အားလုံးကို ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဦးအောင်မိုးသိန်းသန်း ၁၂/စခန(နိုင်)ဝ၅၆၅၈၆ အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဉ်-၁ဝဝ၆၃)** | **LL.B, D.B.L (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ဝ၉ - ၄၂ဝ၃၅၉၆၃** | **ဖုန်း-ဝ၉ - ၇၉ဝ၁၂၃၄၈ဝ** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ ထန်းတပင်မြို့၊ အမက(မူလွန်) ရွှေတန်ဆောင်းကျောင်းမှ ဆရာမ ဒေါ်ရိုစီလွင် ၇/ထတပ(နိုင်)ဝ၃၃၂၂၂၏ ဖခင်အမည်မှန်မှာ ဦးစောမြတ်လေး(ခ) ဦးမြလေး ၇/ထတပ(နိုင်)ဝ၃၃၂၁၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစောမြတ်လေး(ခ)ဦးမြလေး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/40926 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်မင်း ၁၄/ဟသတ(နိုင်)၂၂၉၅၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/68709 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းအောင် ၁၄/ဟသတ(နိုင်)၃၂၈၅၆ဝက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် HSE/4766 NISSAN FLGRAND (KD-AVE50) ယာဉ်လက်ဝယ်ရှိသူ ထူးမြတ်မေတ္တာလူမှုကူညီရေးအသင်း က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃ဝ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်ာတ)**

## ဦးပိုင်စိုးရကျော်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊အမှတ်(၁ဝ၇)နေ ဒေါ်အေးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်-

ဒေါ်အေးအေးသည် မြရောင်ခြယ်အုပ်စု ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး အဆိုပါကုမ္ပဏီတွင် သားဖြစ်သူ ဒါရိုက်တာ ဦးပိုင်စိုးရကျော်အား ဒေါ်အေးအေးက လုပ်ငန်းစီမံခန့်ခွဲပိုင်ခွင့်များကို ယုံကြည်စွာဖြင့် အပ်နှံထားပါသည်။ ဒေါ်အေးအေးသည် ၁၆-၇-၂ဝ၁၆ ရက်မှစ၍ ကုမ္ပဏီလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်တော့ခြင်းမရှိပါ။ ဒါရိုက်တာ ဦးပိုင်စိုးရကျော်သည် ဒါရိုက်တာ ဒေါ်အေးအေး၏ သဘောတူညီချက် တစ်စုံတစ်ရာရယူခြင်းလည်းမရှိ၊ အသိပေးအကြောင်းကြား ပြောဆိုခြင်းလည်းမရှိဘဲ မြရောင်ခြယ်အုပ်စုကုမ္ပဏီအနေဖြင့် ZEGA Finance Co.,Ltdထံမှ ချေးငွေကျပ် ၅၃ဝဝဝဝဝဝိ/-(ကျပ်သိန်းငါးရာ့သုံးဆယ်တိတိ) ကိုရယူပြီး ချေးငွေ၏ အရင်း၊ အတိုးများကို ပေးသွင်းခြင်းမရှိဘဲ ကိုယ်ကျိုးသုံးစွဲ၍ တိမ်းရှောင်နေကြောင်း ZEGA Finance Co.,Ltd မှ ပေးပို့သော အကြောင်းကြားစာများအရ သိခဲ့ရပါသည်။ ဒေါ်အေးအေးသည် မြရောင်ခြယ်အုပ်စုကုမ္ပဏီလီမိတက်၏ လုပ်ငန်းများ၊ ငွေကြေးများနှင့်ပတ်သက်၍ ၁၆-၇-၂ဝ၁၆ ရက်မှစ၍ ယင်းရက်နောက်ပိုင်းတွင်လည်း သိရှိခြင်း၊ သဘောတူခြင်း၊ လက်မှတ်ရေးထိုးခြင်းများ လုံးဝမရှိကြောင်း၊ ထိုကာလများတွင် ကုမ္ပဏီနှင့်ပတ်သက်၍ လုပ်ငန်းဆိုင်ရာ၊ ငွေကြေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ဒါရိုက်တာ ဦးပိုင်စိုးရကျော် တစ်ဦးတည်း၏သဘောဖြင့် ဆောင်ရွက်ချက်များသာဖြစ်ကြောင်းနှင့် ယင်းကာလများတွင် ဦးပိုင်စိုးရကျော် တစ်ဦးတည်းသဘောဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းဆိုင်ရာကိစ္စများ၊ ငွေကြေးဆိုင်ရာကိစ္စများကို ဒါရိုက်တာ ဒေါ်အေးအေးက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာမျိုးထက် (LL.B.,D.B.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၉၆၊ ၅-ဘီ၊ ဂန္ဓာမာကံမြင့်ကွန်ဒို၊ (၃၇)လမ်း၊**
**မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-ဝ၉-၄၃၁၇ဝ၉၉၆ ၊ ဝ၉-၇၉၉၁၁၆၁၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)မြေကွက်အမှတ်(၄၁)၊ မြေကွက်တည်နေရာအမှတ်(၄၁)၊ ဖြူဟမ္ဗစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ရီအမည်ပေါက်နှစ်(၆ဝ)ဂရန်မြေအား (BG-030777)၊ ဦးစိုးရှိန် (TYG-015350) အမည်ပေါက် ဒေါ်ခင်ရီနှင့် ဦးစိုးရှိန်တို့ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၈၃ဝ/၂ဝဝဝဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးဗချီနှင့်ဒေါက်တာကြည်ကြည်ဝင်းတို့မှပိုင်ဆိုင်ပြီး ဦးဗချီနှင့် ဒေါက်ကြည်ကြည်ဝင်းတို့မှပိုင်ဆိုင်ပြီးငင်းတို့ထံမှ SP-၂၁၅၄၉/၂ဝ၂၃ဖြင့် ရရှိသူ ဒေါ်ငွေးငွေးမောင် ၈/ဂဂန(နိုင်)ဝ၆၄၃ဝဝ မှ ဂရန်၊ နိုင်ကတ်၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းထားကြောင်း ကျမ်းကျိန်လွှာ၊ SP စာချုပ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တင်ပြထားသည့်အရောင်းအဝယ်စာချုပ်အမှတ် -၈၃ဝ/၂ဝဝဝသည် စာချုပ်မိတ္တူမှန်ဖြစ်နေသည့် ယခုအရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [၄(ရော)/၂ဝ၂၃-၂ဝ၂၄]

ရောဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂ဝ)၊ ရေကြည်မြို့၏ ၂ဝ၂၃- ၂ဝ၂၄ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့်လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို လမ်း အလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၂ဝ)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၈-၁၁-၂ဝ၂၃ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂၈-၁၁-၂ဝ၂၃ ရက် |
| ၂။ | **တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန်** | - ၈-၁၂-၂ဝ၂၃ ရက်၊ (၁၂:ဝဝ)နာရီ |
| ၃။ | **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** | - ၁၁-၁၂-၂ဝ၂၃ ရက်၊ (၁ဝ:ဝဝ)နာရီ |
| ၄။ | **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** | - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊လမ်းအထူးအဖွဲ့(၂ဝ) ရေကြည်မြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂ဝ)၊ ရေကြည်မြို့ ၊ ဖုန်း-ဝ၉-၄၅ဝ၅၃၅၇၄ဝ တွင် ၂၈ -၁၁- ၂ဝ၂၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂ဝ)**
**လမ်းအထူးအဖွဲ့ (၂ဝ)၊ရေကြည်မြို့။**
**ဖုန်း-ဝ၉-၄၅ဝ၅၃၅၇၄ဝ**
**e-mail address: rcsu20.tender@gmail.com**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ အနော်ရထာလမ်း၊ တိုက်အမှတ်(၉၃/၉၅)၊(၁၂)လွှာ၊အခန်းအမှတ်(A+B)၊ ကျော်အနော်ရထာကွန်ဒို၊ တိုက်မျက်နှာမူလျှင် ဘယ်နှင့်ညာဘက်ခန်း၊ အခန်းA(၁၃၁၁)စတုရန်းပေအကျယ်၊အခန်းB(၁၃၁၁)စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်မြင့်မြင့်စိုး ၁၂/ပဇတ(နိုင်) ဝ၁၂၈၇၅ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးမင်းမင်းလတ် ၁၂/ပဇတ(နိုင်)ဝ၃၂၆၇၇၊ ဒေါ်ခိုင်ဇင်သက် ၇/ဝမန(နိုင်)၁၅၆၁၇၆ တို့ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံ သောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်ပန်းမွှေး** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁ဝ၆ဝ၅/၂ဝ၁၅)** | **(စဉ်-၄၉၅ဝ၂/၂ဝ၁၈)** | **(စဉ်-၁၆၃၉၇/၂ဝ၁၉)** |

**တိုက်(၄)၊ အခန်း(၃၁)၊ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈) မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-ဝ၉-၇၉၅၅၃၄၇၅၃၊ ဝ၉-၇၅ဝ၃၉၈၄ဝ၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(က/၅ဝ)ဟုခေါ်တွင်သော အလျား x အနံ ပေ(၂၅ x ၅ဝ) အကျယ်ရှိ ဒေါ်ခင်နှင်းရီ ဂရန်အမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်တိုက် အဆောက်အအုံမှ ခြေရင်းဘက်ခြမ်းရှိ အလျား x အနံပေ(၁၂ $\frac{၁}{၂}$ x ၅ဝ) အကျယ်ရှိ (၅-လွှာ)၊ စတုတ္ထထပ်အခန်းနှင့် အကျိုးခံစားခွင့် အားလုံးတို့အား လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးဝင်းဇော် (PAN-၂၈၆၁၅၉)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ပြုံး ၉/တကန(နိုင်) ဝ၇၇၆၆၁မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုး စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုမြတ်မွန်(LL.B)** | **ဒေါ်ဇာခြည်ဆွေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၂၅၂၁)** | **(စဉ်-၁၂၅၃ဝ)** |

**အမှတ်(၄၉၃)၊ ပထမထပ်၊ အခန်း(၁)၊နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း -ဝ၉-၄၂ဝ၁၄၄၇၄၁၊ ဝ၉-၄၂ဝဝ၇၈၄၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်ကျွန်းမြို့နယ် ၊ လှိုင်းဘုန်းကျေးရွာအုပ်စု ၊ လှိုင်းဘုန်း ကျေးရွာနေ ဒေါ်မေမြတ်နိုး (ခ) ဒေါ်ခင်စန္ဒာအေး(ဘ) ဦးအေးမောင် ၁၄/မမက (နိုင်) ၃၅၈၄၆၁မှ သားဖြစ်သူ မောင်ပိုင်ကိုဦးသည် မိဘ၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ယနေ့မှစ၍အမွေ ပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမဆို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်မေမြတ်နိုး(ခ) ဒေါ်ခင်စန္ဒာအေး ၁၄/မမက (နိုင်)၃၅၈၄၆၁**

## အများသိစေရန် ကြေညာခြင်း

